အမှောင်ဝဲဂယက်မှာ
လင်းရောင်ထွန်းညှိသူများ

မောင်လာနာ စိုက်ယစ်ဒ် ဟစံရှား
ဟိုစိုင်နီ ကောင်ဆရီ

စာအုပ်အမည် - ဗဆွာအစ်ရ် (بصائر) - အမှောင်ဝဲဂယက်မှာ လင်းရောင်ထွန်းညှိသူများ

မူရင်းကျမ်းရှင် - ဟဇရသ် မောင်လာနာ စိုက်ယစ်ဒ် အဗွလ်ဟစံအလီ နဒ်ဝီ ဆွာဟစ်ဗ်

ပြန်ဆိုသူ - မောင်လာနာ စိုက်ယစ်ဒ် ဟစံရှား ဟိုစိုင်နီ ကောင်ဆရီ

စိစစ်သူ - ဟဇရသ် မောင်လာနာ မွတ်ဖ်သီ ကာရီ အာစွင်းမ် နဒ်ဝီ အဗွလ်ဟစံနီ
- မိုဟမ္မဒ် ဟစံ (ခ) ဆရာ ဦးအောင်အောင်သန်း (အင်္ဂလိပ်စာ)

ﷺ

အမှာစာ

الحمد لله رب العالمين، والصلاة والسلام على خاتم النبيين، رسول رب العالمين، محمد بن عبد الله، صلى الله عليه وعلى آله وصحبه، وسلم تسليماً كثيراً، وبعد:

နဒ်ဝသုလ် အိုလမာ ကျောင်းသားဘဝတစ်လျှောက် ကျွန်တော် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်များတွင် ကျောင်းတော်ကြီးအတွင်း၌ ကျင်းပခဲ့သည့် လခ်နောင် အိဂျ်သေမာအ် (၁၉၉၈)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

သုံးရက်တိုင်တိုင် ကြာမြင့်ခဲ့သော အိဂျ်သေမာအ်တွင် ဒေလီနေဇာမွဒ္ဒီးန်မှ တာဝန်ခံ အာလင်မ်ကြီးများ၊ ဒေသစုံမှ သာသနာချစ်စိတ်ထားသူများ၊ နဒ်ဝသုလ်အိုလမာမှ ဆရာသခင်များနှင့် ကျောင်သားများ ပါဝင်ခဲ့ကြသည်။

အိဂျ်သေမာအ်၏ နောက်ဆုံးရက် ဒုအာအစီအစဉ်တွင် ဇည့်သည်တော်များသည် မော်လာနာ စိုင်ယဒ် အဘွလ်ဟစံအလီ နဒ်ဝီ ﵀ ၏ အစွရ်နမားဇ်ပြီးတိုင်း ဇည့်ဆောင် ရှေ့ခြံဝင်းအတွင်း၌ ကျင်းပလေ့ရှိသည့် شام بمدرد (ရည်ရွယ်ချက်တူသူများ ဆုံစည်းရာ ညနေခင်း) အစီအစဉ်တွင် ပါဝင်တက်ရောက်ကြသည်။ အဝေးသို့ပြန်ကြမည့် အထူးဇည့်သည်များနှင့် ကျောင်းဆရာများသည် ဩဝါဒခံယူရန်နှင့် နှုတ်ဆက်ကြရန် ခုံတန်းများတွင် အစီအရီထိုင်လျှက် ရှိနေခဲ့ကြသည်။

ရုတ်တရက် ဆရာသခင်ကြီးသည် နဒ်ဝါကျောင်းတော်၏ စာပေပုံနှိပ်ဖြန့်ချိရေးမှ မော်လာနာ ဂူဖရာန် ဆွာဟိပ် နဒ်ဝီ အား အနားသို့ခေါ်၍ တီးတိုးစကားဖြင့် တစ်စုံတစ်ရာ ယူလာရန် မှာကြားလိုက်၏။ ခြံဝန်းပတ်လည်တွင် ငေးမောကာ ကြည့်နေသည့် ပရိသတ်များတွင် ကျွန်တော်သည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ သိပ်မကြာလိုက်ပါ။ မော်လာနာ ဂူဖရာန် သည် စာအုပ်ခပ်ပါးပါး နှစ်အုပ် ယူဆောင်လာပြီး ဆရာသခင်ကြီးအား ပေးအပ်လိုက်သည်။ ဆရာသခင်ကြီးသည် စာအုပ်နှစ်အုပ်ကို ရယူလိုက်ပြီးနောက် မိမိနှင့်အနီးဆုံးတွင် ထိုင်နေသည့် မော်လာနာ ဇိုဇိုင်ရွလ် ဟစံ နှင့် မော်လာနာ စအ်ဒ် တို့ နှစ်ဦးအား ချီးမြှင့်ပေးအပ်လိုက်သည်။ အကျော်အမော် အစုံအလင်ဖြင့် စည်ကားနေသည့် ဤထိုင်ဝိုင်းတွင် ထိုပုဂ္ဂိုလ်နှစ်ဦးကိုသာ ရွေးချယ်ချီးမြှင့်လိုက်သော စာအုပ်ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသည့် ကျွန်တော်မှာ အဆိုပါစာအုပ်များအကြောင်း သိလိုဇောနှင့် ရယူလိုစိတ် ထက်သန်ခဲ့ရသည်။

သို့ဖြင့် ကျွန်တော်သည် အိဂျ်သေမာအ်အပြီး နဒ်ဝါကျောင်းတော်၏ စာပေပုံနှိပ်ဖြန့်ချိရေးသို့ အပြေးအလွှားသွားရောက်ပြီး ထိုစာအုပ်များကို ဝယ်ယူခဲ့သည်။ တစ်ထိုင်တည်း နေရာမှာပင် အပြီးဖတ်လိုက်မိသည့် ဤစာအုပ်အမည်မှာ بصائر ဖြစ်သည်။ စာအုပ်

ဏ်မူရင်းမှာကား الأضواء ဟု အမည်ရသည်။ ရေးဟန်ကို တစ်ခေါက်မျှ ဖတ်ကြည့်လိုက်ရုံဖြင့် ဆရာသခင်ကြီး၏အတွေးနက်လှပုံကို လက်ခံရလိမ့်မည်သာ။

ဤစာအုပ်တွင် ဆရာသခင်ကြီးသည် မိမိတို့၏ခေတ်အလျှင်က သာသနာ့ရေးရာတွင် ဦးဆောင်ခဲ့ကြသူများ၏ ဘဝရာဇဝင်၊ မှန်ကန်သော အတွေးအခေါ်၊ လေးစားအားကျဖွယ် လုပ်ဆောင်မှုများကို အချက်အလက်ကျကျ အကျဉ်းရုံး ဖေါ်ပြထားပါသည်။

ဆရာကြီး၏ စာပေများ၌ သူ၏ရင်တွင်းမှ စေတနာ အရိပ်အရောင်တို့ ထင်ဟပ်နေသည်ကို တွေ့ရစမြဲပင်။ ဆရာကြီးသည် သာသနာရေးရာလုပ်ငန်းများ လုပ်ကိုင်ရာ၌ ကြုံတွေ့ရလေ့ရှိတတ်သော ကမောက်ကမဆန်မှုကို မည်ကဲ့သို့ ဖြေရှင်းသင့်သည်နှင့် ပတ်သက်၍ နည်းလမ်းများကို မိမိ၏ရင်ထဲ၌ ကိန်းဝပ်နေသော စာပေမာတ်ဖြင့် ဖွင့်ချပြလေ့ရှိသည်။

မြန်မာပြည်၌ ဆရာကြီး၏ စာပေများကို အာရုံထားပြီး မြန်မာမှုပြုသူတို့တွင် ညီငယ် မုဖ်သီ ဟစံရှားဟ် (အလ် ကောင်ဆရီ) သည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဘာသာပြန်သူသည် အဆင်မပြေမှုများစွာနှင့် မညီမညာဖြစ်နေသော ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ညီညာလာဖို့၊ အမြင်မတော်မှုအပေါင်းကနေ သန့်ရှင်းလှပလာဖို့ စိတ်အားထက်သန်နေသူဟု ယုံကြည်မိပါသည်။ (အလွှာဟ်အရှင်မြတ်သည် ညီငယ်၏ စာပေလေ့လာမှု၌ ဗရိကသ် ချီးမြှင့်တော်မူပါစေသား။)

ယခု ညီငယ် ဟစံရှားဟ် သည် ကျွန်တော် အထက်တွင် ပြောပြခဲ့သည့် بصائر စာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခြင်းမှာ ဝမ်းမြောက်ဖွယ်ပင်။ သူ ဘာသာပြန်ဆိုထားသည့် ဤစာအုပ်ကို အမှာစာရေးပေးဖို့ ကျွန်တော့်အား ပြောလာပါသည်။ ဤတွင် အမှာစာဆိုသည်ထက် စိတ်ထဲ၌ရှိသော အမှတ်တရစကားကိုသာ ရေးသားလိုက်ပါသည်။

မောင်လာနာ မုဖ်သီ ဂျလာလွဒ္ဒီးန် (နဒ်ဝီ)

بسم الله الرحمن الرحيم

သာသနာ့ကြီးပမ်းမှု အနုပညာ သမိုင်းအကျဉ်း

မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား တန်ဖိုးမဖြတ်နိုင်သည့် အစွမ်းသတ္တိတည်းဟူသော သာသနာတော်ကို ချီးမြှင့်ထားတော်မူသည်။ အရှင်မြတ်က ထိုသာသနာတော်အတွက် ပေးဆပ်စတေးပြီး ကြိုးပမ်းသူများအတွက် လမ်းအသွယ်သွယ် ဖွင့်ပေးမည်ဖြစ်ပြီး၊ ၎င်းတို့နှင့်အတူရှိမည် ဟုလည်း ကျမ်းမြတ်ကုရ်အာန်တွင် လေးနက်စွာ မိန့်ကြားတော်မူထား၏။

ကမ္ဘာဦးအစမှ ယနေ့တိုင် ပွင့်လေသမျှ နဗီ၊ ရစူလ်များနှင့် ထိုပုဂ္ဂိုလ်မြတ်တို့၏ စစ်မှန်သော အမွေစားအမွေခံများမှာ သာသနာတော်အတွက် နေ့မနား၊ ညမအား ကြိုးပမ်းမှုအလုံးစုံကို ပေးဆပ်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ကြိုးပမ်းမှုများဖြင့် သာသနာတော်ကို ပကတိအလှအတိုင်း မိမိတို့ဘက်မှ လိုတိုးပိုလျော့မရှိစေဘဲ အရှင်မြတ်၏ ဘက်တော်မှ ချပေးတော်မူသည့်အတိုင်း ထိန်းသိမ်းကာကွယ်ခဲ့ကြသည်။

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်ချက်များကို အစွဲကင်းပြီး ဘက်မလိုက်တတ်သည့် လူ့သမိုင်းကလည်း ရွှေကလောင်ဖြင့် ကမ္ဘည်းထိုး မှတ်တမ်းတင်ထားပါသည်။

ဖခင်ကြီး တမန်တော် အာဒမ်ﷺ လက်ထက်မှသည် တမန်တော် အီစာﷺ အထိ သမိုင်းအချိုးအကွေ့များကို ချုံ့ပြီး ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ်၏ လက်ထက်တော်မှ ယနေ့တိုင် သာသနာ့ကြိုးပမ်းမှုပုံရိပ်များကို လေ့လာကြည့်ကြပါစို့ .....

တမန်တော်မြတ်ﷺ၏ သက်တမ်းတွင် သစ္စာတရားဘက်သို့ ဖိတ်ခေါ်ခဲ့သည့် မက္ကာမြို့တော်တွင်(၁၃)နှစ်၊ မဒီနာမြို့တော်တွင်(၁၀)နှစ်၊ ဤ(၂၃)နှစ်တာ ကြိုးပမ်းမှုများကို အောက်ပါအတိုင်း သုံးသပ်ကြည့်နိုင်ပါသည်။ တမန်တော်မြတ်ﷺသည် သအ်လီးမ် (သင်ပေး သင်ယူမှု)၊ သဗ်လီးဂ် (အွမ္မသ်ထံသို့ ဒီးန်ပို့ချမှု)၊ သတ်ဇ်ကေ့ယဟ် (စိတ်နလုံးသားသန့်စင်ရေး) စသည့် နည်းဟန်များနှင့် မိသားစုအတွင်း ကြိုးပမ်းမှု၊ ဆွေမျိုးများအကြား ကြိုးပမ်းမှု၊ မက္ကာမြို့အတွင်း ကြိုးပမ်းမှု ထိုမှတဆင့် မြို့အပြင်ကြိုးပမ်းမှု၊ ထိုမှ ကမ္ဘာအပှမ်းရှိ ဘုရင်များထံ အစွမ်းသဏ္ဌာန်များ ပေးပို့ခဲ့သည့် ကြိုးပမ်းမှုများကို အဆင့်ဆင့်ပြုလုပ်တော်မူခဲ့သည်။

တမန်တော်မြတ်ﷺ၏ အရိုက်အရာအား ဆက်ခံခဲ့ကြသည့် ခလီဖာကြီးများ၏ နှစ်(၃၀)ကျော် ကြိုးပမ်းမှု၊ ကျမ်းတော်မြတ်ကုရ်အာန်အား စုစည်းချိန်တွင် ဇိုက်ဒ်ﷺ၏ ကြိုးပမ်းမှု၊ ဟဒီးဆ်တော်များကို အဆင့်ဆင့်စုစည်းစေခဲ့သည့် အုမရ်ဗင်နအဗ်ဒုလ် အဇီးဇ်ﷺသခင်၊ ယုံကြည်ချက်လမ်းမှားသူများ၊ အတွေးအခေါ် လမ်းချော်နေသူများအား မှန်

ကန်သော ယုံကြည်ချက်၊ အတွေးအခေါ်မှန်များဆီ ပြန်လည်ခေါ်ဆောင်လာသည့် အေမာမ် ဟစံဘဆွရီ ﷺ နှင့် အေမာမ် အဗုလ်ဟစံ အရ်အရီ ﷺ တို့၏ ကြိုးပမ်းမှု၊ ကျမ်းမြတ်ကုရ်အာန်ကို အရှိအသေကင်းမဲ့စေရန် ကလိမ်ကျသူများနှင့် ရင်ဆိုင်အန်တု ခဲ့သော အေမာမ်အဟ်မဒ် ﷺ၊ အစ္စလာမ့်ဥပဒေသိပ္ပံများအား အွမ္မသ်ကို လက်ဆင့်ကမ်း ပေးခဲ့သည့် အီရတ်မြေမှ အေမာမ် အဗူဟနီဖာ ﷺ နှင့် သူ၏တပည့်ကျော်နှစ်ဦး၊ ဟဂျားဇ် နယ်မှ အေမာမ် မာလိက် ﷺ နှင့် အေမာမ် ရှာဖေအီ ﷺ၊ သဖ်စီးရ်ကျမ်းအစောင်စောင် ရေးသားပြုစုခဲ့သော သဖ်စီးရ်ပညာရှင်များ၊ ဟဒီးဆ်ကျမ်းအစောင်စောင်ကို ရေးသားပြုစုခဲ့ပြီး အွမ္မသ်ထံ လက်ဆင့်ကမ်းခဲ့သည့် ဟဒီးဆ်ပညာရှင်များ၊ ကုရ်အာန်နှင့် ဟဒီးဆ်ကို လက်ကိုင်ထားပြီး အွမ္မသ်ထုတစ်ရပ်လုံး ဒီးန်အပေါ် လျှောက်လှမ်းနိုင်ရန် လမ်းညွှန်ချက် များပေးခဲ့သော ဖွကဟ်သာသနာ့ပညာရှင်များ၏ ကြိုးပမ်းမှု၊ သာသနာ၏ ခံတပ်များ သဖွယ်ဖြစ်သော သာသနာအသိပညာများ ဖြန့်ဝေရာ ကျောင်းတော်များ တည်ထောင်ခဲ့ သည့် ပညာရှင်ကြီးများ၊ စိတ်ရိုင်းကိုချိုးနှိမ်၊ ကိလေသာများကို သန့်စင်ရန် နှလုံးသား သန့်စင်ရေးဌာနများ၊ ခါန်ကာများ ဖွင့်လှစ်ခဲ့သည့် သူတော်စင်ကြီးများ၊ ကောင်းရာညွှန် ကြား မကောင်းမြစ်တား ပြုခဲ့ကြသည့် သာသနာ့ဦးဆောင်များ၊ အွမ္မသ်ကို အရှင်မြတ်နှင့် မိတ်ဆက်ပေးခဲ့သည့် ဖိတ်ခေါ်သူများ စသည်ပုဂ္ဂိုလ်တို့၏ ကြိုးပမ်းမှုအလုံးစုံတို့သည် အွမ္မသ်အတွက် မေ့မရစေကောင်းသည့် သမိုင်းမှတ်တိုင်များပင် ဖြစ်သည်။

အချုပ်ဆိုရသော် ခေတ်တိုင်းတွင် သာသနာရေးအတွက် ကြိုးပမ်းခြင်းသမိုင်းသည် ပြတ်တောက်သွားသည်ဟူ၍ မရှိခဲ့ပါ။ ကြိုးပမ်းရသည့် နယ်ပယ်၊ နည်းဟန်၊ အနေအထား၊ အတိုင်းအတာများ မတူညီခဲ့သော်လည်း အားလုံးတို့၏ ရည်ရွယ်ချက်ပန်းတိုင်မှာ တစ်ခု တည်းသာ ဖြစ်သည်။ ကြိုးပမ်းခဲ့ကြသူအပေါင်း သူတော်ကောင်းများကလည်း မိမိတို့၏ ကြိုးပမ်းမှုသာ နောက်ဆုံးကြိုးပမ်းမှုဖြစ်သည်၊ ငါတို့ပဲ သာသနာ့အတွက် ကြိုးပမ်းနေကြ သည်ဟု ဘဂင်လေခိုက်ခြင်း အလျဉ်းမရှိခဲ့။ သို့သာမက သာသနာတော်အတွက် အုပ်တစ် ချပ်၊ သဲတစ်ပွင့် ကြိုးပမ်းခွင့်ရရှိနေခြင်းပေါ် ပျော်ရွှင်မဆုံး ပြုံးရွှင်မဂနိုင် ဖြစ်ခဲ့ကြသည်သာ။

ထိုကြိုးပမ်းမှုသမိုင်းစဉ်ကို မျိုးဆက်သစ်များ သိရှိစေရန် ရည်သန်လျက် ပညာရှင် များက စာပေများ ပြုစုခဲ့ကြသည်။ ထိုစာပေများအနက် ဟဇရသ် မော်လာနာ စိုင်ယစ်ဒ် အဗုလ်ဟစံအလီ ဟစနီ၊ နဒ်ဝီ ﷺ သခင်ကြီး ပြုစုခဲ့သည့် رجال الفكروالدعوة သည် ပြိုင်စံ ရှားပြီး တမူထူးခြားသည့် ကျမ်းတစ်ဆူအဖြစ် စာပေနယ်ပယ်တွင် နေရာယူခဲ့သည်။ စုစုပေါင်း အတွဲ(၆)တွဲရှိပြီး၊ ရာစုနှစ်အလိုက် သာသနာတော်အတွက် ခေါင်းစဉ်အမျိုးမျိုး ဖြင့် ကြိုးပမ်းအားထုတ်ပြီး၊ အနစ်နာခံ စတေးခဲ့ကြသည့် ပညာရှင်အကျော်အမော်ပေါင်း (၂၂)ပါးခန့်၏ အတ္ထုပ္ပတ္တိများ၊ ကြိုးပမ်းမှုအနုပညာများကို ပြောင်မြောက်စွာဖြင့် ထုဆစ်ပုံ

ဖော်ပြခဲ့သည်။ ဆရာကြီး၏ ကြိုးပမ်းမှုကို တစ်ကမ္ဘာလုံးရှိ အရပ်၊ အဂျမ်ပညာရှင်များက တညီတညွတ်တည်း လက်ခံကြိုဆိုခဲ့ကြသည်။

ထိုသမိုင်း၏ ဒုတိယကွင်းဆက်အနေဖြင့် အိန္ဒိယနိုင်ငံမှ ပညာရှင်တို့၏ ကြိုးပမ်းမှု အလုံးစုံကို မီးမောင်းထိုးပြပေးသည့် اضواء (အရဗီ)၊ بصائر(အူရဒူ) အမည်ဖြင့် ကျမ်းတစ်ကျမ်းလည်း ပြုစုခဲ့သည်။ ဒုတိယရာစုနှစ်၏ မုဂျဒ္ဒစ်ဒ်ဟု သမိုင်းတွင်ခဲ့သည့် ရှိုင်ခ် အဟ်မဒ် စရ်ဟင်နဒီ ﵀ မှသည် အလ္လာမဟ် စိုင်ယစ်ဒ် ဆိုလိုင်မာန် နဒ်ဝီ ﵀ ၏ လက်ထက်အထိ ရာစုနှစ်(၂)ခုကျော်အတွင်း ရှုထောင့်အစုံ၊ နယ်ပယ်အဖုံဖုံတွင် ကြိုးပမ်းခဲ့ကြသည့် ပညာရှိကဂိမွန်ပေါင်း (၁၈)ပါး၏ အကြောင်းကို စိတ်ဝင်စားဖွယ်ပုံစံဖြင့် တင်ဆက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ သာသနာ့ကြိုးပမ်းမှု သမိုင်းတစ်ကွေ့တွင် စံတင်ထိုက်သည့် မိသားစုကြီး(၄)ခုဖြစ်သော ရှားဟ် ဝလီယွလ္လာဟ် ﵀ ၏ မိသားစုနှင့် ထိုမိသားစု၏ ကြိုးပမ်းမှုပုံရိပ်များ၊ စိုင်ယစ်ဒ် အဟ်မဒ်ရှဟီးဒ် ﵀ နှင့် ဟစံနီမိသားစုတို့၏ သာသနာ့ကြိုးပမ်းမှု သမိုင်းများ၊ မော်လာနာ ဟုစိုင်း အဟ်မဒ်မဒနီ ﵀ နှင့် မိသားစု၏ သာသနာအတွက် စတေးခဲ့သည့် နမူနာများ၊ မော်လာနာ အိလ်ယားစ် ﵀ နှင့် မိသားစုတို့ ကြိုးပမ်းခဲ့သည့် ဒအ်ဝသ်သဗ်လီးဂ် ကြိုးပမ်းမှုတို့ကို တင်ဆက်ထားပါသည်။

ဆရာကြီး၏ ဤသို့ ရေးသားပြုစုရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ယနေ့ခေတ် သာသနာ့ကြိုးပမ်းမှုတစ်ခုခုတွင် ရှိနေကြသော ညီနောင်များသည် မိမိတို့၏ ကြိုးပမ်းမှု သည်သာ ပြီးပြည့်စုံသည်၊ ငါတို့၏ ကြိုးပမ်းမှုတွင် မပါဝင်သူတို့သည် လမ်းမှားသူများ၊ ပေါ့လျော့သူများ၊ တာဂန်မကျေသူများ ဖြစ်သည်၊ ငါနှင့်မတူ ငှဲရန်သူ ဟု မမှတ်ယူသင့်ကြောင်း၊ ကျွန်ုပ်တို့အလျင်က ပေါ်ထွန်းခဲ့သည့် သာသနာ့ပညာရှင်များ၊ သောကရှိသူများသည်လည်း ကဏ္ဍအသီးသီးမှ မိမိတို့ခေတ်အခါသမယ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးမည့် ရောင်ဆွေးစုံလင်သော ကြိုးပမ်းမှုများကို တာဂန်သိသိ သစ္စာရှိရှိဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ အားလုံးသည် လုပ်ဖော်ကိုင်ဖက်များသာဖြစ်ကြောင်း၊ တာဂန်များအား ခွဲဝေ လုပ်ဆောင်နေကြသည်သာ ဖြစ်ကြောင်း မှတ်ယူနိုင်စေရန် ရည်သန်ထားပါသည်။

ထိုတင်ဆက်မှုများကို ကျွန်ုပ်၏ ချစ်မိတ်ဆွေတစ်ဦးဖြစ်သည့် မော်လာနာ စိုင်ယစ်ဒ် မုဟမ္မဒ် ဟစံရှားဟ် (ဟူစိုင်နီ၊ ကောင်ဆရီ)မှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ မော်လာနာ ဟစံရှားဟ်သည် မော်လာနာ အဗုလ်ဟစံအလီ နဒ်ဝီ ﵀ သခင်ကြီးနှင့် ဝေးသားဆက်အရလည်း ဆွေမျိုးတော်စပ်သူဖြစ်ပြီး၊ သခင်ကြီး၏ စာအုပ်စာပေများကိုလည်း နှစ်အတန်ကြာကပင် သုတေသနဆန်စွာ လေ့လာနေသည့် မျိုးဆက်သစ် အာလင်မ်တစ်ဦး ဖြစ်သည်။ ဤအရင်ကလည်း မော်လာနာ အဗုလ်ဟစံအလီ နဒ်ဝီ ﵀ ဟောကြားခဲ့

သည့် شيطان အမည်ရှိ စာအုပ်ငယ်ကို "မုန်တိုင်းသစ်ကို ရင်ဆိုင်အန်တုခြင်း" အမည်ဖြင့် ပြန်ဆိုခဲ့ပြီး စာပေအသိုင်းအဝိုင်း၏ ကောင်းချီးသြဘာများကို ရရှိခဲ့သူလည်း ဖြစ်သည်။

ဆရာ၏ သက်တမ်းကို ကောင်းမွန်သော ကျန်းမာရေးနှင့်တကွ အခွန့်ရှည်စေပြီး သာသနာ့ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်ခွင့်ပေးပါစေသားဟု အရှင်မြတ်ထံ တောင်းဆုပန်ပါသည်။

ကျွန်ုပ်သည် ဆရာ၏ ဘာသာပြန်စာမူကို စ၊ လယ်၊ ဆုံး တစ်ကြိမ်ထက်မနည်း ဖတ်ရှု့ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခွင့် ရခဲ့ပါသည်။ စာရှုသူများအနေဖြင့် စာအုပ်ပါ သမိုင်းအချက်အလက်တို့၏ အလှတရားများဖြင့် မိမိတို့ဘဝကို ဆင်ယှဉ်ချယ်သစေလိုကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် အရှင်မြတ်သည် မူရင်းကျမ်းပြုစုခဲ့သည့် မော်လာနာ စိုင်ယစ်ဒ် အဗုလ်ဟစံ အလီ (ဟစနီ၊ နဒ်ဝီ) ﵀ သခင်ကြီးနှင့် ဘာသာပြန်ဆိုသူ မော်လာနာ စိုင်ယဒ် ဟစံရှားဟ် (ဟုစိုင်နီ)တို့ အားလုံးကိုလည်း ကောင်းသောအစားများ ချီးမြှင့်ပေးသနားတော်မူပါစေသား။ ဤစာအုပ်ကိုလည်း ကျွန်ုပ်တို့အတွက် မဂ်လာအပေါင်း ဆောင်ကျဉ်းပေးမည့် စာပေမွန်အဖြစ် လက်ခံပေးသနားတော်မူပါစေ။

မိုဟမ္မဒ် အာစွင်းမ်
(နဒ်ဝီ၊ အဗွလ်ဟစနီ၊ မဇ္ဈာဟ့ရီ)
ဟစ်ဂျ်ရီ ၁၄၄၀ ခု၊ ဇုလ်ကအ်ဒဟ်လ၊ (၁၁) ရက်၊
ခရစ်နှစ် ၂၀၁၉ ခု၊ ဇူလိုင်လ (၁၅) ရက်၊ တနလ်ာနေ့

بسم الله الرحمن الرحيم

ဘာသာပြန်ဆိုသူ၏အမှာစာ

الحمد لله رب العالمين، والصلاة والسلام على سيد المرسلين وخاتم النبيين محمد وآله وصحبه أجمعين، ومن تبعهم بإحسان ودعا بدعوتهم إلى يوم الدين.

ဘုန်းတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းပြီးနောက် တမန်တော်မြတ် မိုဟမ္မဒ်ﷺသခင်ထံ စလဝ်စလာမ်မေတ္တာ ပို့ပါ၏။

ဤကျမ်းငယ်သည် အစ္စလာမ့်အတွေးအခေါ်ပညာရှင် ဟဇရသ် မောင်လာနာ စိုင်ယစ်ဒ် အဗွလ်ဟစံအလီ နဒ်ဝီ ﵀ သခင်ကြီးရေးသားပြုစုခဲ့သော ဗဆွာအစ်ရ် (بصائر) နှင့် (أضواء)ကျမ်းတို့ကို မှီငြမ်းကိုးကား၍ ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ဤဘာသာပြန်ကျမ်းငယ်သည် ကျွန်ုပ်၏ဒုတိယမြောက် ဘာသာပြန်ကျမ်းငယ်တစ်ခုလည်းဖြစ်ပါသည်။

ဟဇရသ် မောင်လာနာ စိုက်ယစ်ဒ် အဗွလ်ဟစံအလီ နဒ်ဝီ ﵀ သခင်ကြီး၏ စာအုပ်စာပေများကို ဘာသာပြန်ဆိုကာ မြန်မာစာဖတ်ပရိသတ်အတွင်းသို့ ဆရာသခင်ကြီး၏ အတွေးအခေါ်များကို လက်ဆင့်ကမ်းမျှဝေရန်ရည်ရွယ်၍ ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အတွေးအခေါ်များကို မျိုးစေ့ချပေးခဲ့သော ကျွန်ုပ်၏ဆရာသခင် ကျေးဇူးရှင်များဖြစ်ပြီး ဟဇရသ် မောင်လာနာ စိုက်ယစ်ဒ် အဗွလ်ဟစံအလီ နဒ်ဝီ ﵀ သခင်ကြီး၏ တပည့်တပန်းများဖြစ်ကြသည့်---

- အလ်ဟာဂ်ျ မောင်လာနာ မွတ်ဖ်သီ အဗ်ဒွရ်ရဟီးမ် မဇ္ဈာဟေရီ၊ ကာစေမီ၊ နဒ်ဝီ ဆွာဟစ်ဗ်
- အလ်ဟာဂ်ျ မောင်လာနာ မွတ်ဖ်သီ အိုစာမဟ် မဇ္ဈာဟေရီ၊ ကာစေမီ၊ နဒ်ဝီ ဆွာဟစ်ဗ်
- အလ်ဟာဂ်ျ မောင်လာနာ မွတ်ဖ်သီ ဖာရူးက် နဒ်ဝီ ဆွာဟစ်ဗ်

တို့နှင့် အခြားသောဆရာသခင်များအား အလ္လာဟ်အရှင် ဒွန္နယာ၊ အာခေရသ် နှစ်ဘဝ၊ နှစ်ဌာနစလုံးတွင် ကောင်းသောအစား ချီးမြှင့်ပေးသနားတော်မူပါစေ။ သာသာနာ့အကျိုးများကိုလည်း ဆထက်ထမ်းပိုး သယ်ပိုးနိုင်စွမ်း ချီးမြှင့်ပေးသနားတော်မူပါစေ။ အာမီးန်

ထို့အတူ ဤကျမ်းငယ်ကို စ၊ လယ်၊ ဆုံး ဒုက္ခခံ၊ အနစ်နာခံပြီး စိစစ်တည်းဖြတ်ပေးခဲ့သော---

- ဟဇရသ် မောင်လာနာ မွတ်ဖ်သီ ကာရီ အာစွင်းမ် နဒ်ဝီ အဗွလ်ဟစံနီ မဇ္ဈာဟေရီ၊
- မိုဟမ္မဒ် ဟစံ (ခ) ဆရာ ဦးအောင်အောင်သန်း (အင်္ဂလိပ်စာ)

ထို့အပြင် အမှာစာ ချီးမြှင့်ပေးခဲ့သော---

- ဟဇရသ် မောင်လာနာ မွတ်ဖ်သီ မိုဟမ္မဒ် ဂျလာလွဒ်ဒီးန် နဒ်ဝီ ဆွာဟစ်ဗ်

နှင့် ကွန်ပျူတာ(LAYOUT)ပိုင်းဆိုင်ရာ အခန်းကဏ္ဍတွင် စိတ်ရှည်သည်းခံပြီး အကောင်းဆုံး စီစဉ်ဆောင်ရွက်ပေးခဲ့သော---

- **မောင်လာနာ မွတ်ဖ်သီ အိုင်နွတ်ဒီးန် နဒ်ဝီ အဗွလ်ဟစန် ဆွာဟစ်ဗ်**

တို့ကို ' နစ်ဘဝ နစ်ဌာနစလုံးတွင် ကောင်းမြတ်သောအစားများ ချီးမြှင့်တော်မူပါ' ဟူ၍ အလွှာဟ်အရှင်မြတ်ထံပါး ဆုမွန်ကောင်းတောင်းလျက် ဤနေရာမှ လေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဤကျမ်းငယ်ကို ဘာသာပြန်ဆိုရာ၌ အကြံကောင်းဉာဏ်ကောင်းများပေး၍ ခွန်အားဖြစ်စေခဲ့သော **ဟဇရသ် မောင်လာနာ ဟာဖစ်ဇ် ဇွဟီးရ် အဟ်မဒ် ဆွာဟစ်ဗ် မဟ်မူဒီ** ကို လည်း အလွှာဟ်အရှင် ကောင်းသောအစားချီးမြှင့် ပေးသနားတော်မူပါစေ။ အာမီးန်

ဆရာကြီး၏နက်နဲပြည့်ဝလှသောအာဘော်များနှင့် မြင့်မားလှသော အတွေးအခေါ်များကို ကျွန်ုပ်ကဲ့သို့ မပြည့်စုံသူတစ်ယောက်အနေနှင့် မိမိ၏ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကို လုံ့လစိုက်၍ အရှင့်ထံအားကိုးကာ ကြိုးစားပြန်ဆိုထားခြင်းသာ ဖြစ်ပါသည်။

ပြည့်စုံကုံလုံသော ဘာသာပြန်ကျမ်းငယ်တစ်စောင်ဖြစ်သည်ဟု မဆိုဝံ့ပါ။ ချွတ်ချော်မှားယွင်းမှု အားနည်းချက်များ ရှိနေမည်မှာမလွဲပင်ဖြစ်သည်။ အမှားတစ်ခုတွေ့ရှိက ကျွန်ုပ်၏အားနည်ချက်သာဖြစ်သောကြောင့် စာရှူသူအနေနှင့် ထောက်ပြပြုပြင်၍ ကျွန်ုပ်အား အမှန်ပြင်စေပါဟု မေတ္တာရပ်ခံလျက်.....

စိုက်ယစ်ဒ် ဟစံရှားဟ် ကောင်ဆရီ
ဟစ်ဂျ်ရီ ၁၄၄၀ ခု၊ ဇုလ်ကအ်ဒဟ်လ၊ (၁၁) ရက်၊
ခရစ်နှစ် ၂၀၁၉ ခု၊ ဇူလိုင်လ (၁၅) ရက်၊ တနလ်ာနေ့

ﷺ

الحمد لله رب العالمين، والصلاة والسلام على سيد المرسلين وخاتم النبيين محمد وآله وصحبه أجمعين، ومن تبعهم بإحسان ودعا بدعوتهم إلى يوم الدين.

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များကို လေ့လာမှု အားနည်းလာခြင်းကြောင့် အမိုက်ခေတ်ယုံကြည်ချက်များ ပြန်လည်ရှင်သန်လာခြင်းအပေါ် သာသနာ့ပညာရှင်များ၏ ချေပကုစားပုံ

အိန္ဒိယနိုင်ငံသည် ရုပ်ပွားဆင်းတု ကိုးကွယ်ရာ၌ ရှေးအကျဆုံးနှင့် ဗဟိုချက်မကြီး ဖြစ်ကြောင်း ရှေးဟောင်းသမိုင်းနှင့် ကျမ်းဝင်သူတိုင်းအသိပင်။ အိန္ဒိယနိုင်ငံသည် ရုပ်ပွားဆင်းတုကိုးကွယ်မှုနှင့် ယဉ်ပါးမှုမရှိသေးသည့် နိုင်ငံတစ်ခု မဟုတ်ပါ။ အမှန်မှာ ထိုအယူအဆသည် အိန္ဒိယနိုင်ငံက စတင်မျိုးစေ့ချပြီး ပျိုးထောင်ပေးလိုက်သည့် အယူအဆတစ်ခုပင်ဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ ဘာသာရေးနယ်ပယ်အတွင်းထိ ထိုးဖောက်နေရာယူထားသည် သာမက ယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ လူမှုပတ်ဝန်းကျင်၊ သင်္ချာပညာရပ်၊ နက္ခတ္တဗေဒ ပညာရပ် စသည့် နယ်ပယ်အသီးသီးအထိ ၎င်း၏အငွေ့အသက်များ စိမ့်ဝင်လျက်ရှိသည်။

ဤမြေ၌ ဘာသာရေးသမိုင်းဝင် မှတ်တိုင်များနှင့် မော်ကွန်းဝင် အာဇာနည်ခေါင်းဆောင်များကို သတိတရဖြင့် နတ်ဘုရားဒဏ္ဍာရီပုံပြင်များနှင့် ထုံးတမ်းစဉ်လာ ရိုးရာပွဲများကို အစဉ်တစိုက် ကျင်းပလေ့ရှိစမြဲသာဖြစ်သည်။

ဖော်ပြပါ ကိစ္စအလုံးစုံတို့သည် ရာသီစက်ဝိုင်း ရွေ့လျားလှည့်ပတ်မှုနှင့်အတူ မုစ်လင်မ်တို့၏ လူမှုဘဝနှင့် ဓလေ့ထုံးတမ်းတို့အပေါ် ပြင်းထန်စွာ ရိုက်ခတ်ခဲ့သည်။ မုစ်လင်မ် ဘုရင်မင်းများ၏ အပေါ့ရိကနိုင်ခြင်း၊ ဟဒီးစ်တော်များ ပြန့်ပွားမှုနည်းပါးခြင်းနှင့် မြို့ရွာတိုင်းရှိ မုစ်လင်မ်တို့သည် အိမ်နီးချင်း မုစ်လင်မ်မဟုတ်သူများနှင့် စည်းဘောင်လွန် ရောနှောနေထိုင်ခြင်း တို့ကြောင့် အမှန်နှင့်အမှား မခွဲခြားနိုင်ခဲ့ပေ။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က အစွလာမ့်အသံ လွှင့်ထုတ်ရန်နှင့် အမှားနှင့် အမှန် ခွဲခြားသိမြင်နိုင်စေရန် မော်ကွန်းဝင် သာသနာ့ပညာရှင် အကျော်အမော်များနှင့် အစွလာမ့်လမ်းစဉ်မှန်ဘက်သို့ ဖိတ်ခေါ်လမ်းညွှန်သည့် ပဲ့ကိုင်ရှင်ကြီးများကို ပေါ်ပေါက်ထွန်းတောက်စေခဲ့သည်။ ထိုသူများအနက် စွန့်ဦးပါဝင်လှုပ်ရှားသူများမှာ ရှိုက်ခ် အဟ်မဒ် စရ်ဟင်ဒီ ﵀၊ ရှားဟ် ဝလီယွလ္လာဟ် ဟု ထင်ရှားကျော်ကြားသည့် ရှိုက်ခ် အဟ်မဒ် ﵀ နှင့် သူ၏ဆွေတော်မျိုးတော်များ၊ ၎င်းတို့နှစ်ဦးထံ တပည့်ခံခဲ့ကြသည့် အစွလာမ့်မမွသတ်

ပညာရှင်များ၊ ဟဒီးစ်ပညာရှင်များနှင့် သာသနာ့ပညာရပ်များတွင် နက်ရှိုင်းစွာ လေ့လာခဲ့ကြသည့် ပညာရှင်များပင် ဖြစ်ကြသည်။

သန့်ပြန့်စင်ကြယ်သော အစွလာမ့်ယုံကြည်မှုသည် ဟစ်ဂျ်ရီ ၈ ရာစုနှောင်းပိုင်းတွင် အစွလာမ့်ပင်မဌာနချုပ်နှင့် အလှမ်းဝေးကွာသည့် အိန္ဒိယတိုက်နယ်၌သာမက အခြားသော အစွလာမ့်နိုင်ငံများနှင့် အရပ်နိုင်ငံများထိအောင် မှောက်မှားထွေပြားသည့် ပရမ်းပတာအပြုအမူနှင့် အယူအဆများဖြင့် နောက်ကျိလျက်ရှိနေခဲ့၏။ အကြောင်းမှာ အစွလာမ်သာသနာသို့ ကူးပြောင်းယုံကြည်ခဲ့ကြသည့် အရပ်မဟုတ်သူများနှင့်အတူ ယခင်က ကျင်းသုံးခဲ့ကြသည့် ဘာသာရေး ဓလေ့ထုံးတမ်းဟောင်းများ ညှိတွယ်ကပ်ပါလာခြင်း၊ မုစ်လင်မ်မဟုတ်သူများ၊ အရပ်မဟုတ်သူများနှင့် ဒိုးတူပေါင်ဖက်နေထိုင်ခြင်း၊ အီဂျစ်နှင့် ဆီးရီးယား၌ (တိမ်းချော်လမ်းမှားသော ဂိုဏ်းနှစ်ဂိုဏ်း) အစွမာအီးလ်ဂိုဏ်းနှင့် ဘာသွေနီဂိုဏ်းဝါဒီတို့ စိုးမိုးအုပ်ချုပ် မင်းလုပ်လာခြင်း တို့ကြောင့်ဖြစ်သည်။ ရှိုက်ခွလ်အစွလာမ် အစ်ဗ်ဇ္ဇ သိုင်မီယာ ﵀ ရေးသားပြုစုသည့် (الردعلى الكبرى) (الردعلى الأخنائي)ဟူသော ကျမ်းနှစ်ကျမ်းအား လေ့လာဖတ်ရှုသူသည် အကြီးအကဲများ၊ သူတော်စင်များ၊ ၎င်းတို့၏မှောက်မှား ထွေပြားသည့် အယူအဆများ၊ မိရိုးဖလာဓလေ့ထုံးတမ်းများနှင့်ပတ်သက်ပြီး အယူပြင်း၍ အစွန်းထွက်လွန်းသည့် ပညာမဲ့များအကြောင်း စေ့စေ့ငှ သိရမည်ဖြစ်၏။

အလ္လာဟ်အရှင်မြတ်က ခွင့်ပြုပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စရပ်များအား ထိုကဲ့သို့ လွန်ကဲစွာ ကြည်ညိုလေးမြတ်ခြင်းနှင့် မိုးစွန်တမွတ် ချီးမြှောက်ခြင်း ဟူသော ဆိုးမွေများသည် အစွလာမ့်ကမ္ဘာ တနံတလျား၌ နေရာယူ အမြစ်တွယ်လျက် ရှိခဲ့၏။ ထိုဆိုးမွေအား ဆက်ခံမှဂယက်ကြောင့် အစွလာမ့်ဓမ္မစစ်ပုံရိပ်လွှာကို ကျိုးကြောင်းခိုင်လုံပြီး ပြောင်မြောက်ပြတ်သားစွာ ဖွင့်ဟထုစစ်ပြဖို့ အရေးပါလာရတော့သည်။

အေမာမ် ရှိက်ခ် အဟ်မဒ်ဗင်န်
အဗ်ဒုလ် အဟဒ် အလ်အိုမရီ အစ္စရ်ဟင်ဒီ ﵀

ရှိက်ခ် အဟ်မဒ် စရ်ဟင်ဒီ ﵀ သည် ဟစ်ဂျ်ရီ ၉၇၁ ခုနစ်၌ ဖွားမြင်ခဲ့သည်။ သခင်ကြီးသည် မုဂျဒ်ဒစ်ဒ် အလ်ဖေ့စာနီ (အဖက်ဖက်မှ ယိုယွင်းပျက်စီးနေသော မုစ်လင်မ် အသိုင်းအဝိုင်းအား အစ္စလာ့မ်ဝိညာဉ် မှုတ်သွင်းကာ ပြန်လည် အသက်သွင်းပေးသည့် ရာစုတစ်ခု တစ်ယောက်ဖွား မဟာလူသား)ဟူသော သာသနာ့ဘွဲ့အမည်ဖြင့် ထင်ရှား ကျော်ကြားသည်။ သခင်ကြီးသည် သာသနာ့အမိန့်တစ်ခု အသွင်ဆောင်နေသည့် လွဲမှား သော ဓလေ့ဟောင်းများနှင့် အယူအဆများအား ပြင်းထန်စွာ ငြင်းဆန်ပြီး အမြစ်လှန်ခဲ့သူ ဖြစ်သည်။ သခင်ကြီးသည် ဗစ်ဒအသေ့ ဟစနဟ် (ခ) တမန်တော်မြတ်ﷺ၏ ခေတ်၌ ပြုမူလေ့မရှိခဲ့သော်လည်း တရားတော်နှင့် မဆန့်ကျင်သည့် (တစ်ခေတ်ဆန်း ပေါ်ပေါက် လာသော ကောင်းနိုးရာရာများကိုပင် အားပေးထောက်ခံခြင်း မပြုပေ။) သခင်ကြီးသည် အိန္ဒိယမုစ်လင်မ်တို့၏ ယိမ်းယိုင်နေသော ခြေအစုံကို တည့်မတ်ပေးခဲ့သည်။ သခင်ကြီး သည် အက္ကဘရ်ဘုရင်၏ လက်ထက်တွင် အစ္စလာမ်သာသနာတော်နှင့် သွေဖည်ဆန့်ကျင် သော အယူအဆများအား စည်းစနစ်တကျ၊ ဆင်ခြင်ဉာဏ်နှင့်တကွ ရဲရဲဝင့်ဝင့် ရင်ဆိုင် သုတ်သင်ခဲ့သည်။ အစ္စလာမ်တည်းဟူသော ဗိမာန်ကြီး လျှံဝါဖြိုးမောက် လင်းတောက်စေ ရန်နှင့် အစ္စလာမ့်လူမှု အဆောက်အအုံကြီး ငွါးစွင့်တင့်တယ်စေရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို လိမ္မာပါးနပ်စွာ ဆောင်ရွက်ခဲ့သည်။ ဤကြိုးပမ်းမှု၏ အသီးအပွင့်အဖြစ် အောင်ရန်ဇေးဗ်အာလမ်ဂီးရ် ကဲ့သို့ ဘုရင်တစ်ပါး ပေါ်ထွန်းခဲ့သည်။ ဘုရင်ကြီးသည် သာသနာတော်အား အလုပ်သဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများဖြင့် လည်း ကောင်း၊ ဥပဒေထုတ်ပြန် အတည်ပြုမှုဖြင့်လည်းကောင်း၊ စည်းစနစ်ကျသော စီရင်အုပ် ချုပ်မှုဖြင့်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

သခင်ကြီးသည် ဗစ်ဒ်အသ်နှင့် စွန္ဒသ်တို့၏အကြား ခြားနားပုံကိုလည်းကောင်း၊ မုဂျ်သဟီဒီးန် (ခ) အစ္စလာ့မ်တရားဥပဒေ၏ ပင်မအရင်းအမြစ်များကို အနက်အဓိပ္ပာယ် ကောက်ယူရန်နှင့် မုစ်လင်မ်များ လိုက်နာကျင့်သုံးရမည့် ဥပဒေများအား အသေးစိတ် ထုတ်နှုတ်နိုင်ရန် အစွမ်းကုန် ကြိုးစားအားထုတ်ခဲ့ကြသည့် သာသနာ့ပညာရှင်ကြီးများ၏ ကိရားစ် (ခ) ထင်ရှားပြတ်သားသော အထောက်အထားအပေါ် အမှီပြု၍ ပုံစံတူ ဆင်ခြင် ကောက်ယူမှုနှင့် အစ်သေ့ဟ်စားန် (ခ) ပိုမိုခိုင်မာကျစ်လစ်သော အထောက်အထားရှိ သဖြင့် ပုံစံတူ ဆင်ခြင်ကောက်ယူမှုမပြုဘဲ အခြားသော အမိန့်တစ်ခုချမှတ်မှုတို့အကြား ခြားနားပုံကိုလည်းကောင်း၊ စွန့်ဦးခေတ်လူတို့ ပြုမူဆောင်ရွက်လေ့ရှိသည့် ကောင်းမှုများ

နှင့် အနောင်းပိုင်းခေတ်လူတို့ တီထွင်ကြံဆ ပြုမူဆောင်ရွက်မှုတို့အကြား ခြားနားပုံတို့အား လည်းကောင်း ရှင်းလင်းပြတ်သားစွာ ဖွင့်ဟတင်ပြခဲ့သည်။

သခင်ကြီးသည် အမြဲတစေပင် ကောင်းရာညွှန်လတ်၊ မကောင်းမြစ်တား ပြုခဲ့သည်။ အမှန်ပြောရန် ဘယ်သောအခါမျှ ဝန်မလေးခဲ့။ မင်းရှိန်မင်းဝါကိုလည်း စိုးထိတ်သူတစ်ဦး မဟုတ်ပေ။ သာသနာ့အရေးကိစ္စများတွင် ဝေဖန်မှု၊ ရှုတ်ချမှုများ ခံရမည်ကို ဂရုမစိုက်ဘဲ စိုက်လိုက်မတ်တတ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ မင်းလုပ်အုပ်ချုပ်သူများကိုလည်း ကောင်း ရာညွှန်လတ်၊ မကောင်းမှုမြစ်တားပြုခဲ့သည်။ ရာဖေဇီများ၊ အစွလာ့မ်ရန်သူများနှင့် ဖက်လဲ တကင်း ပေါင်းဖော်ခြင်းမပြုရန် နားချခဲ့သည်။ ဖြူစင်သော စိတ်ရင်းစေတနာကို အရင်းပြု၍ အမြဲတစေ ဆုံးမစကားမြွက်ကြား၊ သံဝေဂပွားလေ့ရှိသူလည်း ဖြစ်သည်။

သခင်ကြီး၏ အဆိုပါကြိုးပမ်းမှုများကြောင့် အလ္လာဟ်အရှင်မြတ်က အိန္ဒိယပြည်တွင် ဘက်စုံတိုးတက်ပြောင်းလဲမှု၏ အသီးအပွင့်များ ဝေဆာလှပစေခဲ့သည်။ ယုံကြည်မှု အယူ ဝါဒနယ်ပယ်တွင် ပေါင်းသင်ရှင်းလင်းမှုများ ထမြောက်အောင်မြင်စေခဲ့သည်။ မင်းလုပ်အုပ် ချုပ်သူများ၏ ဘဝနီတိနှင့် အတွေးအခေါ် အယူအဆများ ပြောင်းလဲလာခြင်းနှင့်အတူ တိုင်းသူပြည်သားတို့၏ သာသနာရေးအမြင်နှင့် ယုံကြည်မှုအယူဝါဒများလည်း ဆန်းသစ် မှန်ကန်လာခဲ့သည်။ ရှိရိုက် (ခ) အလ္လာဟ်အရှင်မြတ်နှင့် တုနိုင်းကိုးကွယ်မှုနှင့် တရားသစ် တီထွင်မှုများ ပပျောက်လာခဲ့သည်။ အချုပ်ဆိုရသော် အစွလာမ်တည်းဟူသော ဗိမာန်ကြီး လှုံ့ဝါဖြိုးမောက် လင်းဝင်းတောက်ပခဲ့၏။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဒေသနာတော်များ၊ ဟဒီးစ်တော်များ၊ ပညာရှင်အများ စု၏ အယူအဆများနှင့် သွေဖည်ဆန့်ကျင်သည့် တစောင်ဝှ ပရမတ်လမ်းစဉ်၏ သုတေ သနပြုချက်တစ်ခုခု (သို့) အဖြစ်အပျက်တစ်ခုခုကို ကြားသိရသည်ဖြစ်စေ၊ တရားလက် လွတ် ကိစ္စတစ်ခုခုအား တစောင်ဝှ၏ ကျမ်းတစ်ကျမ်း (သို့) သူတော်စင်တစ်ပါးပါး၏ အပြောအဆို အနေအထိုင်ဖြင့် ကိုးကားတင်ပြသည်ကို ကြားရသည်ဖြစ်စေ သခင်ကြီး သည် ထိုအချိန်အခါမျိုး၌ သာသနာ့စိတ် သာသနာ့မာန်ပွားကာ ဇာတိသွေး ဇာတိမာန် ထက်သန်လာလေ့ရှိစမြဲပင်။ ကိုယ်တွင်းရှိ အကြောအချဉ်များ၌ ဖာရူကီသွေးများ ဆူဝေ လူပ်ရှား၍ သာသနာတော်အား ကာကွယ်လိုဇော ပြင်းပြပြီး အစွလာမ့်လမ်းစဉ်မှန်ကို ကလောင်စွမ်းထက်ထက်ဖြင့် တရစပ် ရေးဆက်တော့သည်။

'အလ္လာဟ်အရှင်မြတ်သည် အကွယ်ကို ယေဘုယ်သဘော ခြုံငုံ၍သာသိတော်မူ သောအရှင် ဖြစ်သည်။ အနုစိတ်တစ်ခုစီ ထဲထဲဝင်ဝင် တိတိပပ သိတော်မူသောအရှင် မဟုတ်ပေ ဟု ခေတ်ပြိုင်အာလင်မ်တစ်ပါးက မိမိ၏ ဆောင်းပါး၌ ရှိုက်ခ် အဗ်ဒုလ်ကဗီးရ် ယမနီ ထံမှ' ဆင့်ပြန်ကာ ဖော်ပြလိုက်သည်။ ဤသည်ကို သခင်ကြီးသိသော် မခံချိမခံသာ ဖြစ်ကာ ချေပစာရေးသည်မှာ .....

' အို ... နောင်တော်။ ဤသို့သော စာသားများကို ကျွန်ုပ်မနာသာပါ။ ကျွန်ုပ်၏ အကြောအချဉ်များ၌ ဖာရူကီသွေး ဆူဝေလှုပ်ရှားလာပါသည်။ ထိုစာသားများကို ရှိုက်ခ် အဗ်ဒုလ်ကဗီးရ်ယမနီ က ပြောသည်ဖြစ်စေ၊ ရှိုက်ခ် အက်ဇရ်ရှာမီ က ပြောသည်ဖြစ်စေ ကျွန်ုပ် မည်သို့မျှ ဖြေဆည်နားလည်ပေးလို့မရပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခေါင်းဆောင် အရဗီနွယ်ဖွား တမန်တော်မြတ်ﷺ၏ ရွှေနှုတ်တော်ထွက် စကားရပ်ကိုသာ ဦးထိပ်ပန်ဆင်ပါသည်။ ရှိုက်ခ် မုဟီယုဒ္ဒီးန် အစ်ဗ်နေ့အရဗီ၊ ရှိုက်ခ် စဒ်ရွတ်ဒီးန် ကူနဝီ၊ ရှိုက်ခ် အဗ်ဒွရ် ရဇ္ဇာက် ကာရှီးတို့၏ စကားများမဟုတ်ပါ။ မူလပင်စည်ပင်မှ ရှင်းလင်းပြတ်သားသော အမိန့်ပညတ်တော်များကသာ ကျွန်ုပ်တို့အား ကောင်းရာကောင်းကျိုး ပြုနိုင်ပြီး အခက်အလက်များက ကောင်းကျိုးမပြုနိုင်ပါ။ ထို့ထက်ပို၍ ဆိုရသော် မဒနီခေတ်အောင်ပွဲများက မက္ကာဟ်ခေတ်အောင်ပွဲများကို မတောင့်တစေတော့ပါ' ဟူ၍ဖြစ်သည်။

❁ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ۞ ❁

အစွလာမ့်သုခမိန်ကြီး ရှားဟ်ဝလီယွလ္လာဟ် ဒဲ့ဟ်လဝီ ﵀

သခင်ကြီးသည် ဟစ်ဂျ်ရီ ၁၁၁၄ ခုနှစ်၌ ဖွားမြင်ခဲ့သည်။ အမည်မှာ အဟ်မဒ်ဗင်နဲ အဗ်ဒုရ်ရဟီးမ် ဖြစ်သည်။ သာသနာ့ဘွဲ့အမည်မှာ ဟကီမုလ်အစွလာမ် (ခ) အစွလာမ့် သုခမိန်ကြီး ဟူ၍ ဖြစ်သည်။ သခင်ကြီးသည် အိန္ဒိယနိုင်ငံရှိ မုစ်လင်မ်လူ့ အဖွဲ့အစည်းကြီးအတွင်း အစွလာမ့်ဝိညဉ် ပြန်လည်သက်ဝင်ရှင်သန်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအကျိုးကို သယ်ပိုးခဲ့သည်ဖြစ်ရာ ရှားဟ် ဝလီယွလ္လာဟ် ﵀ ဒဲ့ဟ်လဝီ ဟု ထင်ရှားကျော်ကြား လူသိများခဲ့သည်။ သခင်ကြီးသည် အေမာမ်ဂဇာလီ ﵀ ၊ ရှိုက်ခွလ်အစွလာမ် အစ်ဗ် နေ့သိုင်မီယာ ﵀ တို့ကဲ့သို့ အစွလာမ့်ဉာဏ်ပညာရှိ သုခမိန်ကြီးများ စာရင်းဝင် ပညာရှင်တစ်ဦးဖြစ်သည်ဟု မှတ်တမ်းတင်ခံရသည်။ သခင်ကြီးသည် အိန္ဒိယနိုင်ငံရှိ မုစ်လင်မ်များ၏ လူမှုဘဝမှ အားနည်းချက် ၅ ခု ကို ရှေးရှု၍ စနစ်တကျ ဇယားချကာ ပြုပြင်ပြောင်းလဲရေးအတွက် အစဉ်တစိုက် ဆောင်ရွက်ခဲ့သည်။

ပြုပြင်ပြောင်းလဲရန် သခင်ကြီး၏ စနစ်တကျ ဇယားချပုံ

(၁) သောင်ဟီးဒ်

မုစ်လင်မ်အများစုသည် သောင်ဟီးဒ် (ထာဝရအရှင်မြတ် အလ္လာဟ်တစ်ပါးတည်းအား ယုံကြည်ကိုးကွယ်ခြင်း) ဟူသော သဒ္ဓါတရား၏ အနက်သဘောကို လုံးဝစေ့ပတ်စေ့သဘောမပေါက်ကြတော့ပေ။ ထို့ပြင် မုစ်လင်မ်တို့သည် တိမ်းချော်သော အတွေးအခေါ် အယူအဆများ၊ အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ကိုးကွယ်ရာရောက်သည့် မိရိုးဖလာ ရှေးဟောင်းဓလေ့ထုံးတမ်းများ၏ လှည့်ဖြားပြုစားခြင်းကို ခံနေကြရသည်။

ထို့ကြောင့် သောင်ဟီးဒ်တရား၏ သဘောမှန်နှင့် သာသနာတော်၏ မူရင်းသရုပ်မှန်ကို ရိုးရှင်းစွာ ဖွင့်ဟချပြရမည်။ အသိတရားမဲ့ အမိုက်ခေတ်က လူတို့ စွဲယူယုံကြည်သည့် အယူအဆများနှင့် အစွလာမ်သာသနာတော်က လိုလားတောင်းဆိုထားသော ယုံကြည်ချက် အယူဝါဒများအကြား ကွဲပြားခြားနားပုံကို အလေးအနက်ထား၍ ရှင်းလင်းတင်ပြရမည်။ သို့မှသာ ၎င်းတို့၏ အယူများနှင့် အစွလာမ့်ဓမ္မစစ်တရားတို့အကြား ထင်ရှားစွာ ကွဲပြားသွားပေမည်ဟု ရှားဟ်သခင်ကြီးက မှတ်ချက်ပြုခဲ့သည်။

(၂) ကုရ်အာန်ကျမ်းတော်မြတ်

မုစ်လင်မ်တို့အား ကုရ်အာန်ကျမ်းတော်မြတ်၊ ဟဒီးစ်တော်များနှင့် တိုက်ရိုက်ဆက်သွယ်ပေးရန် လိုအပ်သည်။ ယခင်က သာသနာ့ပညာရှင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်အား သာမန်လူများ နားလည်သဘောပေါက်ရန် ခက်ခဲသည် ဟု ယူဆ၍လည်းကောင်း၊ သာမန်လူတို့အတွက် ကုရ်အာန်ကျမ်းတော်မြတ်အား တိုက်ရိုက်လေ့လာခြင်းဖြင့် နာမ်ပိုင်းဆိုင်ရာ ပြုပြင်သန့်စင်ပေးမှု နယ်ပယ်နှင့် ပညာရေးနယ်ပယ်တို့၌ သာသနာ့ပညာရှင်တို့၏သြဇာ ယုတ်လျော့ကျဆင်းလာမည်ကို စိုးရိမ်၍လည်းကောင်း ကုရ်အာန်ကျမ်းတော်မြတ်အား လေ့လာလိုက်စားခွင့် မပြုခဲ့ပေ။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်ကျမ်းများကို မိခင်ဘာသာစကားဖြင့် ဘာသာပြန်ဆို၍ ထုတ်ဝေဖြန့်ချိမှုများ မပြုခဲ့ကြချေ။ ထို့ကြောင့် သာမန်လူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၊ ဟဒီးစ်တော်များနှင့် အဆက်ပြတ်ခဲ့ရသည်။ ယခုအခါ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များကို သာမန်လူတို့ နားလည်နိုင်မည့် မိခင်ဘာသာစကားဖြင့် ဘာသာပြန်၍ ထုတ်ဝေဖြန့်ချိရန် အထူးလိုအပ်နေသော ကိစ္စဖြစ်သည်။ သို့မှသာ ယင်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များမှ တိုက်ရိုက် အကျိုးခံစားနိုင်မည်ဟု ရှားဟ်သခင်ကြီးက မှတ်ချက်ပြုခဲ့သည်။

(၃) ဟဒီးစ်တော်များ

သာသနာ့ပညာ၊ ဗဟုသုတနှင့် အထူးသဖြင့် ဟဒီးစ်ပညာရပ်၌ အိန္ဒိယပညာရှင်တို့သည် အတိုင်းအတာတစ်ခုထိသာ လေ့လာကျွမ်းဝင်ခဲ့ကြသည်။ ဤအားနည်းချက်ကြောင့် မုစ်လင်မ်တို့၏ ယုံကြည်မှုအယူဝါဒကို ပြုပြင်ထိန်းညှိပေးရာ၌ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု ရှားဟ်သခင်ကြီးက မှတ်ချက်ပြုခဲ့သည်။ ထို့နောက် ရှားဟ်သခင်ကြီးက ဟဒီးစ်ကျမ်းမှန်များနှင့် မုဝသ်သွာအ်ကျမ်းတော်ကြီးကို နှံ့နှံ့စပ်စပ် လေ့လာလိုက်စားပြီး ဟဒီးစ်တော်များ သင်ကြားပို့ချခြင်းနှင့် ပုံနှိပ်ဖြန့်ချိခြင်းကို စနစ်တကျ စီမံဆောင်ရွက်ခဲ့သည်။ ရှာဟ်သခင်ကြီးနှင့် သူ၏ ဆွေတော်မျိုးတော် ပုဂ္ဂိုလ်ကျော်တို့၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဟဒီးစ်ပညာရပ် သင်ကြားပို့ချရေး၊ ဖြန့်ချိရေးနှင့် တွင်ကျယ်စေရေးတို့တွင် အိန္ဒိယနိုင်ငံသည် အစွမ်းကမ္ဘာတစ်ခွင်၌ ထိပ်တန်းဝင်ကာ ဥဒါန်းတွင်ခဲ့သည်။

(၄) **အစွလာမ့်အတွေးအခေါ်**

အနာဂတ် အစွလာမ့်ကမ္ဘာသည် ဦးနှောက်ကို ရှေ့တန်းတင်မည့်ခေတ်၊ အတွေးအခေါ်ကို ဦးထိပ်ပန်မည့်ခေတ်နှင့် ရင်ဆိုင်ရတော့မည်ကို ရှားဟ်သခင်ကြီးက ကြိုတင်ရိပ်စားမိခဲ့သည်။ ထိုအခါ အစွလာမ့်သင်ခန်းစာများ၊ အစွလာမ့်နည်းကျ ဘဝမွေးမြူခြင်း၏ အကျိုးအာနိသင်များ၊ အစွလာမ့်အုပ်ချုပ်မှုစနစ်၏ အခြေခံမူများ၊ နည်းနာနိသယများနှင့် အစွလာမ့်လူမှုဘဝ ရိပ်မြုံတစ်ခု ဖန်တီးခြင်းဖြင့် ရရှိမည့် အကျိုးအာနိသင်များ စသည်တို့ကို လုံးစေ့ပတ်စေ့၊ ထိထိမိမိ ရှင်းလင်းတင်ပြရန် အရေးကြီးလာပြီဟု မှတ်ချက်ပြုခဲ့သည်။

သို့ရှိရာ ဤရည်ရွယ်ချက် အထမြောက်စေရန် ရှားဟ်ﷺသခင်ကြီးသည် إزالة الخفاء في خلافة الخلفاء နှင့် حجة الله البالغة ဟူသော ကမ္ဘာပေါ်ရှိ အစွလာမ့်စာကြည့်တိုက်များမှာပင်တွေ့ရခဲသည့် စံမတူညွှန့်ပေါင်းစာပေ ကျမ်းခိုင်နှစ်အုပ်အပြင်အခြား မြောက်မြားစွာသော ကျမ်းများကို ရေးသားပြုစုခဲ့သည်။

(၅) **သာသနာချစ်စိတ် နိုးကြားရေး**

ရှားဟ်သခင်ကြီးက အိန္ဒိယတော်ဝင်မိသားစုနှင့် သိုင်မူးရိမင်းမျိုးမင်းနွယ် လူငယ်လူရွယ်တို့ ယခု ပြန်လည်နှိုးကြားလာနိုင်စရာ အရိပ်အမြွက်ပင် မတွေ့ရတော့သည်ကို ရိပ်စားမိခဲ့သည်။ အလ္လာမဟ် အစ်ဗ်နေ့ ခုလ်ဒူးန် ﷺ က ဆိုသည်မှာ -

"အစိုးရတစ်ခုခုက ထာဝရအတွက် အိုစာကျလာသည့်အခါ ၎င်းအား ပြုပြင်ပြောင်းလဲ နှိုးကြားစေရန်နှင့် လုံလီဝိရိယများ အသစ်တစ်ဖန် အားဖြည့်ပေးရန် အပတ်တကုတ် ကြိုးစားခြင်းသည် မည့်သည့်အကျိုးမှ မရှိပေ။ ဤအကျိုးမဲ့အလုပ်အစား အစွလာမ်ကို အသစ်တဖန် ပြန်လည်ရှင်သန်အောင်လုပ်မည့်၊ ဘာသာရေးနှင့် ပညာရေးအပေါ် အခြေတည်ကာ အစွလာမ့်နိုင်ငံတော်သစ်တစ်ရပ် ဆန်းသစ်တည်ထောင်မည့် အဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်ရေးအတွက်သာ ကြိုးပမ်းရပေမည်။"

ရှားဟ်ဝလီယွလ်လာဟ် ﷺ ၊ ၎င်း၏သားများနှင့် ၎င်းတို့နှင့် လက်တွဲခဲ့ကြသည့် သာသနာ့ပညာရှင်တို့က တစ်ဖက်တွင် ပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်နိုးကြားရေးဟူသော အလွန်အရေးကြီးသည့် တာဝန်ကြီးတစ်ခုကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သလို အခြားတစ်ဖက်တွင်လည်း အခြေခံ သာသနာ့ပညာရပ်များ ဖြန့်ဖြူးခြင်း၊ သာသနာတော်ရှိ အကျိုးခံစားနိုင်သော လှုပ်ရှားမှုများနှင့် အနက်ကောက်ပုံများကို ဖွင့်ဟရှင်းလင်းတင်ပြခြင်းနှင့် စာအုပ်စာပေများ ပြုစုရေးသားခြင်းစသည့် အရေးကြီးတာဝန်များကို ဆောင်ရွက်ခဲ့သည်။ ၎င်းတို့သည် အစွလာမ့်ပုံရိပ်မှန်ကို ထုစစ်ပုံဖော်ပြရုံသာမက လူထုအကြား အစွလာမ်သာသနာတော် စည်ပင်ရေး လှုပ်ရှားလို

စိတ်နှင့် အစွလာမ့်အုပ်ချုပ်ရေးစနစ် ထူထောင်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာသည် အထိ အစွမ်းကုန် ကြိုးပမ်းခဲ့ကြသည်။

အမြော်အမြင်ကြီးလှသော ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်ကောင်းများ

ရှားဟ်ဝလီယွလ်လာ ﷺ သည် စိတ်ဓာတ်၊ ပညာ၊ သီလ၊ စာရိတ္တ စသည့် အဘက်ဘက်မှ အရည်အချင်းကောင်းများနှင့် ပြည့်မီသော ပုဂ္ဂိုလ်ကြီးများကို ကိုယ်ဖိရင်ဖိ မွေးထုတ်ပေးသည့် အလုပ်ကြီးကို ပြုလုပ်ခဲ့သည်။ ဤကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ် ကောင်းတစ်ခုအနေဖြင့် အစွလာမ်တည်းဟူသော ဗိမာန်ကြီး မြင့်မားတင့်တယ်ငွားစွင့်ရေး၊ စွန္ဒသ်တော်များ ပြန်လည်ရှင်သန်ရေး၊ အစွလာမ့်တရားစစ်တရားမှန် ထိန်းသိမ်းကာကွယ် ရေးနှင့် တရားသစ်တီထွင်မှု တိုက်ဖျက်ရေး စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက် သည့် သမ္ဘာရင့်ဝါရင့် ပုဂ္ဂိုလ်ကြီးများ ပေါ်ထွန်းခဲ့သည်။ သို့ရှိရာ ရှားဟ်သခင်ကြီး၏ နောက်တွင် သားဖြစ်သူ ရှားဟ် အဗ်ဒုလ်အဇီးဇ် ﷺ က အတွင်းစိတ်ရိုင်း သန့်စင်ပြုပြင် ရေး၊ ပညာရေး၊ ဘာသာရေး စသည့် နယ်ပယ်အသီးသီး၌ ဦးစီးဦးဆောင်ပြုကာ ဖခင်၏ အရိုက်အရာအား ဆက်ခံခဲ့သည်။ သူသည် သင်ကြားပို့ချမှုနှင့်အတူ စာအုပ်စာပေများ လည်း ရေးသားပြုစုခဲ့သည်။

ဂင်းက ပြုစု ပျိုးထောင်ပေးလိုက်သော နောက်လိုက်တပည့် အုပ်စုတစ်စုသည် ဟဒီးစ်ပညာရပ်ကို တွင်ကျယ်စေရန် ဖြန့်ဖြူးခြင်း၊ အစွလာမ့်တရားတော်ကို ကာကွယ် စောင့်ရှောက်ခြင်း၊ တရားသစ်တီထွင်မှုကို ချေပတိုက်ဖျက်ခြင်း၊ ကုရ်အာန်ကျမ်းတော်မြတ် နှင့် ဟဒီးစ်တော်လာ လမ်းညွှန်ချက်များအား လက်တွေ့ကျင့်ကြံရန် ပွင့်လင်းစွာ ဖိတ်ခေါ် ခြင်း၊ အတွင်းစိတ်ရိုင်းကို လျော်ဖွတ်သန့်စင်ပေးရန် အပတ်တကုတ် ကြိုးပမ်းခြင်း စသည် တို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ ဤကြိုးပမ်းမှုအဖုံဖုံ၏ အသီးအပွင့်အနေဖြင့် သာသနာ့ကျောင်းတော်များ စည်ကားသိုက်မြိုက်လာခဲ့သည်။ အိမ်တိုင်းစေ့သို့ ဟဒီးစ် ပညာရပ်များ ရောက်ရှိခဲ့ပြီး လူတို့အပေါ် သာသနာ့သြဇာ ညောင်းလာခဲ့သည်။ လူတိုင်း၏ အတွင်းစိတ်၌ သာသနာကို ကာကွယ်စောင့်ရှောက်လိုစိတ်၊ သာသနာတော်ဘက်မှ ခုခံ ချေပလိုစိတ်၊ သာသနာရောင်ဝါ ထွန်းလင်းတောက်ပရန် ဖေးမကူညီလိုစိတ်များ တသွင် သွင်စီးဝင်လာခဲ့သည်။

ရှားဟ်ဝလီယွလ္လာဟ် ﷺ သည် မိမိ၏ ကြိုးပမ်းအားထုတ်မှု အလုံးစုံကို တရားစစ် တရားမှန်ဘက်သို့ ဖိတ်ခေါ်ရေးနှင့် ပညာရေးအလုပ်များတွင်သာ ကန့်သတ်ဘောင်ခပ်ပြီး လုပ်ကိုင်ခြင်း မပြုခဲ့ပေ။ မုစ်လင်မ်တို့သည် ဟိန္ဒူများနှင့်အတူ ရှေးရာစုနှစ်ပေါင်း များစွာက တည်းက ဒိုးတူပေါင်ဖက် နေထိုင်လာခဲ့ကြသည်ဖြစ်ရာ အစွလာမ်နှင့် မသက်ဆိုင်သော

ဟိန္ဒူတို့၏ ရှေးဟောင်းဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု၊ ရိုးရာပွဲ စသည်တို့သည် အစွန်လာမ့် အသိုင်းအဝိုင်းအတွင်းထိ ချင်းနင်းဝင်ရောက်ခဲ့သည်။

သခင်ကြီးသည် ဤသည်တို့ကိုလည်း ပေါ်ပေါ်တင်တင် ဖွင့်ဟရှုတ်ချခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များအား လေ့လာလိုက်စားမှု မပြုခြင်း၊ ဟဒီးစ် ပညာရပ်ကို မလေ့ကျွမ်းခြင်း၊ သာသနာ့ပညာရှင်တို့၏ အမြင်ကျဉ်းမြောင်းခြင်းနှင့် သာသနာ့အရေးကိစ္စများတွင် အပေါ့ရိုကနိုင်ခြင်း၊ အုပ်ချုပ်မင်းလုပ်သူ မုစ်လင်မ်တို့၏ တာဝန်သိစိတ်ကင်းမဲ့ခြင်း၊ သာသနာ့ဓာတ်ခံ နည်းပါးခြင်း စသည်တို့ကြောင့် မုစ်လင်မ်ပတ်ဝန်းကျင်တွင် စာရိတ္တနှင့် ယုံကြည်မှု အယူဝါဒမကျိုင်များ ပြုလဲခဲ့ရသည်။ သခင်ကြီးသည် ဤယိုပေါက်ကြီးကို အားသွန်ခွန်စိုက်လျက် နည်းမျိုးစုံသုံးကာ ပိတ်ဆို့ခဲ့သည်။

ရှားဟ် အဗ်ဒွလ်အဇီးဇ် ﵀ သည် အလ္လာဟ်အရှင်နှင့် တုန်ိုင်းကိုးကွယ်ရာရောက်သည့် အယူဝါဒများ၊ မှားယွင်းတိမ်းချော်နေသော အတွေးအခေါ်များ၊ မိုက်ရူးရဲဆန်သော ပရမ်းပတာ လုပ်ရပ်များနှင့် ယုံမှား သံသယဖြစ်ဖွယ်ရာများ၊ မုစ်လင်မ်မဟုတ်သူများ၏ နောက်သို့ ဆင်ကန်းတောတိုးလိုက်ခြင်းများနှင့် စပ်လျဉ်း၍ လွန်စွာ အားကောင်းသော ရပ်တည်ချက်ကို လက်ကိုင်ပြခဲ့သူဖြစ်သည်။ အမှန်စင်စစ် ထိုခေတ်အခါသမယရှိ သာသနာ့ပညာရှင်တို့သည် မိမိတို့၏ ဉာဏ်အင်အားများကို ဒဿနပညာရပ်များတွင်သာ အသုံးချလျက်ရှိခဲ့ပြီး သာမန်လူတို့က ဆန့်ကျင်ပုန်ကန်လာမည်ကို စိုးရိမ်၍လည်းကောင်း၊ မိမိတို့အား ဘေးကျပ်နံကျပ်ဖြစ်အောင် ပြုလုပ်မည်ကို စိုးရိမ်၍လည်းကောင်း ထိုမိုက်ရူးရဲဆန်သော အယူအဆ၊ အတွေးအခေါ်နှင့် ထုံးတမ်းစဉ်လာများကို မသိကျိုးကျွံပြုထားသည့် အချိန်ကာလ ဖြစ်သည်။

အေမာမ် စိုက်ယစ်ဒ် အဟ်မဒ်ရှဟီးဒ် ﵀

စိုက်ယစ်ဒ် အဟ်မဒ်ရှဟီးဒ် ﵀ သည် ဟစ်ဂျ်ရီ ၁၂၀၁ ခုနှစ်၊ ၁၃ ရာစုအစောပိုင်း နှစ် ၅၀ အတွင်း၌ ဖွားမြင်ခဲ့သည်။ သူသည် ရှားဟ်သခင်ကြီး၏ သား ရှားဟ် အဗ်ဒုလ် အဇီးဇ် ﵀ ထံ တပည့်ခံခဲ့သည်။ ထို့အတူ မိမိ၏ ငယ်သူငယ်ချင်းလည်းဖြစ်၊ ရှားဟ်သခင်ကြီး၏ မြေးလည်းဖြစ်သူ ရှားဟ် အစ်မာအီးလ်ရှဟီးဒ် ﵀ နှင့်အတူ မုစ်လင်မ်အသိုင်းအဝိုင်း ပြန်လည်နှိုးကြားလာစေရေးနှင့် ပြုပြင်ပြောင်းလဲရေးအကျိုးကို သယ်ပိုးခဲ့သည်။ မိမိတို့၏ မြင့်မြတ်သည့် နလုံးစွမ်းရည်ဖြင့် ခံစားချက်ဆိတ်သုဉ်းနေသော နလုံးသားများကို နှိုးဆွပေးကာ အမှောင်ကျနေသော အသိဉာဏ်များအား အလင်းဆောင်ပေးခဲ့သည်။

သခင်ကြီးသည် လူတို့အား သောင်ဟီးဒ်တရားစစ်ကို နလုံးသွင်းရန်နှင့် တမန်တော်မြတ် ﷺ ၏ စွန့်သတ်တော်များအပေါ် ဖဝါးခြေထပ် လိုက်နာကျင့်ကြံရန် ဖိတ်ခေါ်ဆော်သြခဲ့သည်။ အလ္လာဟ်အရှင်မြတ်နှင့် တုနှိုင်းကိုးကွယ်ခြင်း၊ တရားသစ်တီထွင်ခြင်း တို့အား ဆန့်ကျင်ပြီး စစ်ကြေညာခဲ့သည်။ အလ္လာဟ်အရှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ချစ်ကြောက်တရား လက်ကိုင်ထား၍ ဘဝမွေးမြူရန် ဆော်သြခဲ့သည်။ အိန္ဒိယရှိ မုစ်လင်မ် အသိုင်းအဝိုင်းအတွင်း အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စတေးလိုစိတ်များ တဖွားဖွား ပေါ်လာအောင် အဘယ်မျှတိုင် အစွမ်းဝိညာဉ် ပြန်လည်မှုတ်သွင်းပေးခဲ့သည်ဆိုသော် ရာစုနှစ်ပေါင်းများစွာအလျင်က အစွမ်းကန်ဝင်တွင် စံတူမြင်ရဖို့ပင် မလွယ်ပေ။

သခင်ကြီးသည် အိန္ဒိယနိုင်ငံ တနံတလျား ဒအ်ဝသ်ဖိတ်ခေါ်ဆော်သြရေး ခရီးများ ထွက်ခဲ့သည်။ သိန်းပေါင်းများစွာသော မုစ်လင်မ်များ အကျွတ်တရားရကာ သောင်ဗဟ် လုပ်ခဲ့ကြသည်။ သခင်ကြီး၏ ကြိုးပမ်းမှုဖြင့် အရက်ဆိုင်များ၊ ရှစ်ရိုက်နှင့် ဗစ်ဒ်အသ်ဌာနများ အစအနပျောက်ကာ ဗလီများ စည်ကားလာခဲ့သည်။ စေတနာထက်သန်သော သူတော်စင် အာလင်မ်သာသနာ့ပညာရှင် အကျော်အမော်ကြီးများကလည်း သခင်ကြီးထံ ခစားသိုင်းဝိုင်းခဲ့ကြသည်။

ထိုခေတ်အခါသမယသည် ပင်လယ်ခြားနေသောကြောင့် အိန္ဒိယမုစ်လင်မ်တို့အဖို့ ဟဂ်ျခရီးနှင်ရန် တာဝန်မရှိ ဟု ဆိုသော ယုံတမ်းစကားများ ရေပန်းစားကာ ဟာ့ဂ််တာဝန်ကို အပေါ့ရိုက ပြုနေကြသည့်အချိန် ဖြစ်သည်။ ထိုအခါ သခင်ကြီးသည် ဟာ့ဂ််ပြုရန် အရေးကြီးကြောင်း ဖိတ်ခေါ်ဆော်သြရေး လုပ်ရှားမှုကို စတင်သည့်အနေဖြင့် ကိုယ်တိုင် ဟဂ်ျပြုရန် ရည်သန်ပြီး ဟစ်ဂျ်ရီ ၁၂၃၆ ခုနှစ်၌ လူပေါင်း ၇၀၀ နှင့်အတူ ဟာ့ဂ််ခရီးနှင်ခဲ့သည်။

သခင်ကြီးတို့ ဖြတ်သန်းသွားရာ လမ်းတလျောက်ရှိလူများသည် အုံလိုက်ခဲလိုက် သခင်ကြီး၏ လက်ပေါ်၌ သစ္စာခံကာ ပြစ်မှုဒုစရိုက်အပေါင်းနှင့် လွဲမှားသော အယူအဆ

များမှ သောက်ဗဟ်ပြု အမှားဝန်ခံခဲ့ကြပြီး တရားတော်နှင့်အညီ ဘဝကို တစ်ဖန်စတင်ကာ တည်ဆောက်ခဲ့ကြသည်။ ယုတ်ဆွအဆုံး ဆေးရုံများမှ လူမမာများကပင် သခင်ကြီးအား ပင့်ဖိတ်ကာ သခင်ကြီး၏ လက်ပေါ်၌ ဘောင်ဗာပြုအမှားဝန်ခံ၍ ဗိုင်အသ်သစ္စာ ခံယူခဲ့ကြသည်။ အလွှာအသီးသီးမှ လူပုဂ္ဂိုလ်များသည် ပန်းဝတ်ရည်ထံ ပျားများအုံခဲသည့်နယ် သခင်ကြီးထံ ခစားချဉ်းကပ်ခဲ့ကြသည်။ ထိုအခိုက်မှာပင် ရုပ်ပွားဆင်းတု ကိုးကွယ်သူပေါင်း များစွာလည်း သခင်ကြီး၏ လက်ပေါ်၌ အစွလာမ်သာသနာအား လက်ခံခွင့်သာခဲ့ကြသည်။

သခင်ကြီး၏ စေတနာအရင်းခံသော ဆုံးမသြဝါဒများကြောင့် များစွာသော ဘာသာခြားများသည် အစွလာမ်သာသနာတော်၏ အေးရိပ်ဆာယာအောက်သို့ ဝင်ရောက်ခိုလှုံခဲ့ကြသည်။ ၎င်းတို့သည် အစွလာမ်သာသနာတော်ကို အဘယ်မျှအထိ ရင်ဝယ်ပိုက်ထွေးခဲ့ကြသည်ဆိုသော် ကိုလိုနီအင်္ဂလိပ်တို့ ကနဦးနှန်းစိုက်ရာမြို့ဖြစ်သည့် ကလ်ကတ္တားမှာပင် သေရည်သေရက် ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများ ဒေဝါလီခံသွားသည်အထိ ဖြစ်ခဲ့ပြီး လောင်းကစားရုံများသည်လည်း သုသာန်တစပြင်ကဲ့သို့ ခမ်းခြောက်ခဲ့သည်။ အရက်ရောင်းသူများသည် သောက်မည့်သူမရှိ၍ ဘေးကျပ်နံကျပ်ဖြစ်ကာ မတတ်သာသည့်အဆုံး အခွန်မပေးနိုင်တော့ကြောင်း အစိုးရထံ မေတ္တာရပ်ခံရသည်အထိ မကောင်းမှုလုပ်ငန်းများ ကွယ်ပခဲ့၏။

အချုပ်ဆိုရသော် စိုက်ယစ်ဒ် အဟ်မဒ်ရှဟီးဒ် ﷺ ၏ စေတနာအရင်းခံသည့် အသက်ပါသော သာသနာကြိုးပမ်းမှုကြောင့် အလင်းရခဲ့သူတို့၏ အရေအတွက်ကို တိတိပပ ရေတွက်ရန် မစွမ်းသာပါ။ သခင်ကြီး၏ လက်ပေါ်၌ ဗိုင်အသ်သစ္စာခံခဲ့ကြသူများ၏ အရေအတွက်မှာ ပျမ်းမျှအားဖြင့် သိန်း ၃၀ ထက် ကျော်လွန်မည်ဖြစ်သည်။ ထို့ပြင် သခင်ကြီး၏ လက်ပေါ်၌ အစွလာမ်သာသနာအား လက်ခံယုံကြည်သူတို့၏ အရေအတွက်မှာလည်း လေးသောင်းကျော် ပမာဏဖြစ်ခဲ့သည်။

❁ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ﴿ ﴾ ❁

ရှားဟ် အစ္စမာအီးလ် ရှဟီးဒ် ﵀

ရှားဟ် အစ္စမာအီးလ် ﵀ နှင့်စပ်လျဉ်း၍ ရှိုက်ခ် ဗင်နံ ယဟ်ယား သရ်ဟသီး﵀ က မိမိ၏ အလ်ယာနေအွလ်ဂျနီ ကျမ်းတွင် ဤသို့ ဖော်ပြထားသည် .....

ရှားဟ် အစ္စမာအီးလ်ရှဟီးဒ် ﵀ သည် သာသနာရေးကိစ္စတွင် လွန်စွာ ပြတ်သားသူဖြစ်သည်။ စွန့်သည်တော်ကို လွန်စွာ အလေးထားပြီး ထိန်းသိမ်းကာကွယ်သူဖြစ်သည်။ စွန့်သည်တော်များ ဥပေက္ခာပြုခြင်းခံရသည့်အခါ ဒေါသူပုန်ထလေ့ရှိသူလည်း ဖြစ်သည်။ တရားသစ်တီထွင်မှုနှင့် တီထွင်သူများကို ပွင့်လင်းထင်ရှားစွာ ရှုတ်ချသူဖြစ်သည်။

ထိုနည်းနှင့် အလ္လာမဟ် ဆွစ်ဒီးက် ဗင်နံ ဟစန် ကန်နူဂျီး ﵀ ကလည်း မိမိ၏ မော်ကွန်းဝင် "အလ်ဟစ်သွါဟ်" ﵀ ရှားဟ်သခင်ကြီးအကြောင်း တင်ပြရေးသားသည်မှာ ...

ရှားဟ်သခင်ကြီး၏ မြေး မော်လဝီ မုဟမ္မဒ် အစ္စမာအီးလ် ရှဟီးဒ် ﵀ သည် အပြောအဆို၊ အမူအကျင့်အရာ၌ မိမိအဖိုးနှင့် တထေရာတည်းပင်။ အဖိုးစခဲ့သည့်အလုပ်ကို အပြီးတိုင် ပြည့်ဝစွာ ဆောင်ရွက်ခဲ့သည်။ ၎င်းအပေါ် တင်ကျန်ခဲ့သော တာဝန်ဝတ္တရားများကိုလည်း ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ သို့သော် ၎င်း၏နောက် ကျန်ရစ်ခဲ့သော တာဝန်များအား အခြားသူများက ယခုတိုင် မကျေပွန်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ပင်။ အလ္လာဟ်အရှင်မြတ်သည် ၎င်း၏ ကောင်းမှုများနှင့် ခိုင်မာပြတ်သားသည့် အပြောအဆိုများအား လက်ခံတော်မူပြီး အကျိုးစဝါးဗ်များ များစွာ ချီးမြှင့်တော်မူပါစေသား။

၎င်းသည် တချို့သော ပညာမဲ့များ ယူဆသကဲ့သို့ အစ္စလာမ်သာသနာတွင် လမ်းသစ်ထွင်သူတစ်ဦး မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်က ကျမ်းတော်မြတ်ကုရ်အာန်၌ မိန့်တော်မူသည်မှာ .....

မည့်သည့် လူသားတစ်ဦးတစ်ယောက်မဆို၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား ဒေသနာတော်ကျမ်းမြတ်ကိုလည်းကောင်း၊ အကျိုးအကြောင်း ဆင်ခြင်နိုင်သော ဉာဏ်ပညာ အမြော်အမြင်ကိုလည်းကောင်း၊ နဗီတမန်တော်၏ ဂုဏ်ထူးကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူ၏။ သို့ချီးမြှင့်ပြီးနောက် ထိုသူက လူခပင်းတို့အား (ဟယ် အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို စွန့်လွှတ်၍ ငါ၏ကျွန်များ ဖြစ်ကြကုန် ဟူ၍ ပြောဆိုရန် မဖြစ်နိုင်ပေ။ သို့ရာတွင် (ထို့သို့ ချီးမြှင့်ခြင်းခံရသူက ဤသို့သာလျှင် ပြောဆိုအံ့) (ဟယ် အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံသူများဖြစ်ကြကုန်။ အကြောင်းမူကား အသင်တို့သည် ဒေသနာတော်ကျမ်းဂန်ကို (သူတပါးတို့အား) သင်ကြားပို့ချသည့်ပြင် မိမိတို့ကိုယ်တိုင်လည်း ဖတ်ရှုတ်လေ့လာသူများ ဖြစ်သောကြောင့်ပင်တည်း။

သခင်ကြီးသည် များစွာသော တိမ်ကောနေသည့် စွန့်သစ်တော်များအား ပြန်လည်၍ အကောင်အထည်ဖော်ခဲ့သည်။ ထို့ပြင် ရှစ်ရက်၊ ဗစ်ဒ်အသ်၊ သာသနာနှင့် ဆန့်ကျင်သည့် ရှေးမိရိုးဖလာ ထုံးတမ်းစဉ်လာများကိုလည်း အမြစ်ပြတ် သုတ်သင်ခဲ့ရင်း အရှင့်လမ်း တော်၌ပင် အသက်သွေး စတေးခဲ့သည်။

သခင်ကြီး၏ အကျော်အမော် လက်ရာဖြစ်သည့် သက်ဝိယသွလ်အီမာန် ကျမ်း သည် သောင်ဟီးဒ်တရားနှင့် တရားစစ်တရားမှန်အား မီးမောင်းထိုးပြရာတွင် ဂန္ထဝင် မြောက် မှတ်ကျောက်တစ်ခု ဖြစ်သည်။ ဤကျမ်းမှ အကျိုးခံစားခဲ့ကြသည့် အိန္ဒိယမုစ် လင်မ်တို့၏ အရေအတွက် အတိအကျကို ရေတွက်၍ မရနိုင်ပေ။ သို့သော် သိန်းပေါင်းများ စွာသော မုစ်လင်မ်တို့ အကျိုးခံစားခဲ့ကြသည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။ ကျမ်းပြု ပုဂ္ဂိုလ်သည် မုစ်လင်မ်တို့၏ လူမှုဘဝ၌ ရုပ်ထုကိုးကွယ်မှု ဂယက်ရိုက်ခတ်ခြင်း၊ အမိုက် ခေတ် ရှေးဟောင်းဓလေ့ထုံးစံများ အိမ်တိုင်း၌ စိမ့်ဝင်နေခြင်း စသည့် မုစ်လင်မ်တို့၏ အခြေနေဆိုးကို မြင်တွေ့ပြီး ခံပြင်းစိတ်၊ နာကြည်းစိတ်တို့မှ ယိုဖိတ်လာသော စာသားများ ကို ရေးသားတင်ပြခဲ့သည်။

ထိုခေတ်အခါသမယသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များကို အခြေခံသော အစွလာမ့်အုပ်ချုပ်မှုတစ်ခု စတင်အုတ်မြစ်ချခြင်း၊ သာသနာတော်ကို ထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ လူတို့အား အမိုက်မှောင်မှ အလင်းတန်ဆောင်ဘက်သို့ ဖိတ်ခေါ်နေသည့် ကာလဖြစ်သည်။ ထိုအခါမျိုး၌ သာသနာ့ဗိမာန် လှုံ၀ါဖြိုးမောက် လင်း ဝင်းတောက်စေဖို့ သခင်ကြီး၏ တစ်ကိုယ်တည်း ဝိုကြွေးခဲ့သော မျက်ရည်စက်များနှင့် အလွာဟ်အရှင်မြတ်၏ လမ်းတော်၌ မြေခဲ့သော သွေးများက စာအုပ်၏အစွမ်းကို ပိုထက် စေခဲ့သည်။

သခင်ကြီး၏ အများနှင့်မတူ တစ်မူထူးခြားသည့်အချက်မှာ သခင်ကြီး၌ ဝိသေသ အစုံ ပေါင်းဆုံနေခြင်းပင်။ သခင်ကြီး၌ အေဗာဒသ်လည်းရှိသလို သာသနာအတွက် နာကြည်းစိတ်လည်းရှိသည်။ လက်ဝယ်၌ ကုရ်အာန်ကျမ်းမြတ်အား ဆုပ်ကိုင်ထားသကဲ့သို့ များကိုလည်း ဆွဲထား၏။ ညှဉ် ဘာဝနာစီးဖြန်း ပုတီးစိပ်သလို နေ့၌ ဒအ်ဝသ်တရားစစ်မှန် ပြန့်ပွားရေးကိုလည်း ကြိုးပမ်းသူဖြစ်သည်။ အမြဲတစေလည်း တရားစစ်တရားမှန်ကို ဖြန့်ဖြူးပို့ချလျက်သာရှိ၏။ တရားလမ်းမှန်အတွက် ကြိုးပမ်းရင်းနှင့်ပင် အသက်သွေးစတေး ကာ ရှဟီးဒ်ဖြစ်ခဲ့သည်။ ဤသည် အလွာဟ်အရှင်မြတ်၏ နှစ်မြို့တော်မူခြင်းအတွက် သက် သက်သာ စိတ်စေတနာဖြူစင်စွာ ဆောင်ရွက်ခြင်းနှင့် သခင်ကြီး၏ ဖြူစင်သောသစ္စာ၊ ခိုင်ကျည်သောသမာဓိ တို့ဖြင့် ကြိုးစားမှုများ၏ ရလဒ်ပင်ဖြစ်သည်။

မုစ်လင်မ် သက်ဝင်ယုံကြည်သူတို့အနက် အလွှာဟ်အရှင်မြတ်နှင့် မိမိတို့ ထားရှိခဲ့ကြသော ပဋိညာဉ်နှင့်အညီ မှန်ကန်စွာ ပြုလုပ်ခဲ့ကြသူများလည်း ရှိကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့အနက် မိမိတို့၏ အဓိဌာန်ကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသူများလည်း ရှိကြကုန်၏။ ထို့ပြင် ၎င်းတို့အနက် မိမိတို့၏ အဓိဌာန်ကို ပြီးစီးအောင် ဆောင်ရွက်ရန်) စောင့်စားနေသူများလည်း ရှိကြကုန်၏။ ထိုမှတပါး ယင်းကိစ္စသည် ၎င်းတို့၌ အီမာန် ယုံကြည်မှုနှင့် လိုက်နာမှုကိုသာ တိုးပွား များပြားစေခဲ့လေသတည်း။ (စူရဟ် အဟ်ဇာဗ်း ၂၃)

လူတို့၏နှလုံးသားအား ညွှတ်နူးအောင် ပြုလုပ်နိုင်စွမ်းနှင့် ဆွဲယူသိမ်းသွင်းနိုင်စွမ်းတည်း ဟူသော ထိုကျမ်း၏ ဝိသေသတို့သည် အလွှာဟ့်အချစ်တော် လက်ရွေးစင် အကျော်အမော်တို့၏ စာများပေများ၌သာ တွေ့ရပေမည်။ ကျမ်းပြုသခင်ကြီးသည် ထိုကျမ်းထဲ၌ သောင်ဟီးဒ်နှင့် ပတ်သက်သော အမိန့်ပညတ်ချက်များကို ရှင်းလင်းပြတ်သားစွာ ဆွေးနွေးတင်ပြထား၏။ အတွင်းစိတ်ရိုင်း ရောဂါများ၊ အလွှာဟ်အရှင်မြတ်နှင့် တုန်ိုင်းကိုးကွယ်ရာ ရောက်စေသည့် လုပ်ရပ်များကို ချက်ကျကျ မီးမောင်းထိုးပြခဲ့သည်။ ထိုခေတ်အခါက မုစ်လင်မ်တို့၏ အယူဝါဒပျက်ပြားခြင်း၊ ခြိုးခြံကျင့်ဆောင်ခြင်း၌ အစွန်းထွက်လွန်းခြင်း၊ သူတော်စင်တို့အား မိုးစွန်တမွှတ် အတိုင်းအထက်အလွန် ကြည်ညိုလေးမြတ်ခြင်း စသည်တို့ကို ပြင်းထန်စွာ ချေပခဲ့သည်။ ဤသည် ထိုကျမ်း အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်တစ်ခုပင်။

ထိုခေတ်အခါက လူတို့သည် သောင်ဟီးဒ်၊ ရှစ်ရိုက်နှင့် ပတ်သက်၍ စာရေးသူ၊ ဟောပြောသူတို့၏ ယေဘုယျအားဖြင့် ခြုံငုံတင်ပြမှုများအား အရေးတယူပြု သတိမမူခဲ့ကြပေ။ ၎င်းတို့ကျူးလွန်နေသော ပြစ်မှုဒုစရိုက်များ၊ ၎င်းတို့အထဲ၌ အမြစ်တွယ်နေသော ရှစ်ရိုက်ဖြစ်စေသည့် ကိစ္စများ၊ အဖျက်အမှောက် အလုပ်များနှင့် မိရိုးဖလာ ရှေးထုံးတမ်းစဉ်လာများကို တိတိပပထောက်ပြကာ ၎င်းတို့အား လက်ညှိုးထိုး ပြောနေသည့်အလား တည့်တည့်ပြတ်ပြတ် ပြောမှုရမည့်အ ခြေအနေမျိုးဖြစ်သည်သာ။ စာရေးသူတစ်ဦးဦး (သို့) ဟောပြောသူတစ်ဦးဦးက ၎င်းတို့ အလွန်အကျူး ဝဲချိုးဂုဏ်မြောက်နေသော လူပုဂ္ဂိုလ်များ၊ နေရာများကို နာမည်ကိုင်ကာ တိတိပပ မတင်ပြပါက တခြားသူတို့အား ရည်ညွှန်းပြောဆိုနေသည်ဟုပင် ယင်းတို့က ယူဆလေ့ရှိခဲ့ကြပြီး မိမိတို့အား ရည်ညွှန်းနေသည်ဟုပင် မထင်ခဲ့ကြပေ။

ထိုစာရေးသူ (သို့) ဟောပြောသူကပင် ၎င်းတို့၏ လူမှုဘဝ၌ စွဲကပ်နေသော ရောဂါများ၊ ရှုစ်ဂ်ရ်ဖြစ်သော ကိစ္စများကို ချက်ကျကျထောက်ပြကာ ပွင့်လင်းပြတ်သားစွာ ပြောဆိုတင်ပြလိုက်ပါက ၎င်းတို့သည် ဒေါသူပုန်ထ၍ ကလဲ့စားချေလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာပြီး ထိုစာရေးသူ (သို့) ဟောပြောသူအား ဘုံရန်သူအဖြစ် သတ်မှတ်ကြတော့သည်။ ထိုအခါ အမှန်တရားကို မြတ်နိုးသော စာရေးသူ (သို့) ဟောပြောသူသည် များစွာ ပေးဆပ်စတေးရ၏။ သို့သော်ငြားလည်း အမှန်တရားကို ပြောဆိုဖြန့်ချိသူသည် အာခေရသ်အတွက် သောကထားမှု ပိုမိုပြင်းပြသူဖြစ်မည်၊ အလွှာဟ်အရှင်မြတ်အတွက် သက်သက်သာ စိတ်ရင်းစေတနာ သန့်သန့်ထားသူဖြစ်မည်၊ အလွှာဟ်အရှင်မြတ်၏ တန်ခိုးဣဒ္ဓိတ်အပေါ် ယုံပုံအားကိုးသူဖြစ်မည်၊ အမှန်တရားဘက်သို့ ဖိတ်ခေါ်လိုစိတ်၊ ပြုပြင်ပေးလိုစိတ် ထက်သန်သူဖြစ်မည်၊ နဗီတမန်တော်မြတ်များ၏ ဖိတ်ခေါ်ရေးနည်း ဗျူဟာနှင့် ကျွမ်းဝင်သူဖြစ်ပါမူ ဖော်ပြပါ အခြေခံမျိုး၌ စိုးစေ့မျှ ကြောက်ရွံ့စိုးထိတ်လိမ့်မည် မဟုတ်ပေ။ သို့သာမက ၎င်းသည် ဖြစ်သမျှအကြောင်း အကောင်းချည်းဟု မှတ်ယူကာ ကျမ်းမြတ်ကုရ်အာန်၏ သင်ခန်းစာများကို လက်တွေ့ကျင့်ကြံ အားထုတ်ပေမည်။ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အလွှာဟ်အရှင်မြတ်၏ နှစ်သက်မှုအား ပိုမိုရရှိရန် ကြိုးပမ်းပေလိမ့်မည်။ ဤနည်းဖြင့် စိတ်သက်သာရအောင် ပြုလုပ်လိမ့်မည်သာဖြစ်၏။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များကိုဖြန့်ချိရန် ကျောင်းတော်ကြီးနှစ်ကျောင်း စတင်တည်ထောင်ခြင်း

ရှားဟ်သခင်ကြီး၏ သားတော်များ၊ မြေးတော်များနှင့် နောက်လိုက်တပည့် တို့သည် တရားသစ်တီထွင်ခြင်း၊ ရှစ်ရိုက်ဖြစ်စေသော မိရိုးဖလာထုံးတမ်းစဉ်လာများကို အမြစ်လှန် သုတ်သင်ခြင်းနှင့် ဟဒီးစ်ပညာရပ်ဖြန့်ချိခြင်း တို့ကို အပတ်တကုတ် ကြိုးပမ်းဆောင် ရွက်ခဲ့ရာ အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်ရေးလုပ်ရှားမှုတွင် အင်အားတောင့်တင်း လာခဲ့သည်။ ဗစ်ဒ်အသ်ကိစ္စများ တန့်သွားခဲ့သည်။ ဆရာကောင်းတပည့် ပီသသော စိုင်ယစ်ဒ် အဟ်မဒ်ရှဟီးဒ် ﷺ နှင့် ရှားဟ် အစ္စမာအီးလ်ရှဟီးဒ် ﷺ တို့သည် မိမိတို့၏ အကြီးအကဲများ စတင်မျိုးစေ့ချခဲ့ကြသည့် ကြိုးပမ်းမှုများအား တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ဒအ်ဝသ်ဖိတ်ခေါ်ရေး၊ မုစ်လင်မ်ပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲရေးနှင့် နှိုးကြားရေး လှုပ်ရှားမှု နယ်ပယ်တို့တွင်လည်း ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့၏ ကြိုးပမ်း မှုများကြောင့် တရားစစ်တရားမှန်ဘက်သို့ ဒအ်ဝသ်ပေးဖိတ်ခေါ်သူတို့၏ ဖွဲ့၊ လုံ့လ၊ ဝီရိယ တို့ ထက်သန်ကာ အသိစိတ်များနိုးကြားလာခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်၊ ဟဒီးစ် ပညာရပ်များကို ထွန်းကားအောင် ဖြန့်ချိသူများနှင့် သာသနာ့စာပေများကို မိခင်ဘာသာ စကားဖြင့် လွယ်ကူပြေပြစ်စွာ ရေးသားသူများ၏ အဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာခဲ့သည်။

ဤအဖွဲ့၏ စွမ်းစွမ်းတမံ ကြိုးပမ်းမှုများကြောင့် ဟဒီးစ်ပညာရပ်ကို ဖြန့်ချိရန် ကျောင်း တော်နှစ်ကျောင်း ပေါ်ပေါက်လာခဲ့သည်။ ပထမတစ်ကျောင်းမှာ မဒ်ရစဟ် ဆွာဒစ်ဂ်ပူးရ် ဖြစ်ပြီး တည်ထောင်သူမှာ စိုက်ယစ်ဒ် အဟ်မဒ်ရှဟီးဒ် ﷺ ၏ ကိုယ်စားလှယ်တော် မော်လာနာ ဝေလာယသ်အလီ အဇီးမ်အာဇာဒီ ﷺ ဖြစ်သည်။ ဒုတိယကျောင်းမှာ မဒ်ရစဟ် မော်လာနာ စိုက်ယစ်ဒ် နဇီးရ်ဟိုစိုင်းန် ဒေဟ်လဝီ အမည်ဖြင့် ကျော်ကြားသည်။

မော်လာနာ စိုက်ယစ်ဒ် အဗ်ဒွလ်ဟိုက် ဟစနီ ﷺ သခင်ကြီး (အတွဲပေါင်း ၈ တွဲပါသော အိန္ဒိယမုစ်လင်မ် မဟာဝင်ပုဂ္ဂိုလ်ကျော်များကျမ်းနှင့် အခြားသောကျမ်းများကို ပြုစုသူ) က မော်လာနာ နဇီးရ်ဟိုစိုင်း ဒေဟ်လဝီ ﷺ ထံ၌ ဟဒီးစ်ပညာရပ်ကို သင်ယူ ဆည်းပူးခဲ့ပြီး ၎င်းထံမှ ဟဒီးစ်ဘွဲ့လက်မှတ်ကို ရယူဆွတ်ခူးခဲ့သည်။ ၎င်းက မိမိ၏ဆရာ မော်လာနာ နဇီးရ်ဟိုစိုင်း ဒေဟ်လဝီ ﷺ နှင့် စပ်လျဉ်း၍ ရေးသည်မှာ .....

အလ္လာဟ်အရှင်မြတ်က ၎င်း၏သက်တမ်းကို အမွန်ရှည်စေခဲ့သည်။ ထို့နောက် ၎င်း၏ပညာဖြင့် အရဗ်မဟုတ်သူများနှင့် အရဗ်များကိုပါ အကျိုးဖြစ်ထွန်းစေခဲ့သည်။ အိန္ဒိယနိုင်ငံ၌ ဟဒီးစ်ပညာအရာတွင် အများနှင့်မတူ တမူထူးချွန်သည့် ဂုဏ်ပုဒ်ကို ရရှိခဲ့ သည်။ ထို့အတူ သောင်ဟီးဒ်တရားကို ဆုပ်ကိုင်ထားခြင်း၊ အလ္လာဟ်အရှင်မြတ်အပေါ် ယုံပုံအားကိုးခြင်း၊ တမန်တော်မြတ် ﷺ အား အချစ်ထားခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ ခြိုးခြံ

ကျင့်ဆောင်ခြင်း၊ သစ္စာသမာဓိ စသည့် အရည်းအချင်းများနှင့် ပြည့်စုံသူဖြစ်ရာ ၎င်းသည် အလွှာဟ်အရှင်မြတ်၏ ပေါ်လွင်ထင်ရှားသော သက်သေလက္ခဏာတော်များ၊ ထင်သာမြင်သာသော စည်းစိမ်တော်များအနက်မှ တစ်ခုပင်ဖြစ်ကြောင်း ထင်ရှားသည်။ ဆန့်ကျင်ဘက်လမ်းစဉ်ကို ပြင်းထန်စွာချေပသူ၊ ကျိုးနွံသူ၊ ခန္တီးတရား လက်ကိုင်ထားသူ၊ ဖော်ရွေရွှင်ပြသူ၊ ကျီစယ်ချစ်စကားဆိုတတ်သူ ဖြစ်ပြီး သူရသတ္တိနှင့်လည်း ပြည့်စုံသူဖြစ်သည်။

ဒါအီ (ခ) တရားစစ်တရားမှန်ဘက်သို့ ဖိတ်ခေါ်သူများနှင့် သာသနာ့ပညာရှင်များ မွေးထုတ်ပေးရာ ဌာနချုပ်များ

ထိုခေတ်သမယတွင် တစ်ဖက်၌ မုစ်လင်များ ပြန်လည်နိုးကြားရေးနှင့် တရားစစ်တရားမှန် ဖြန့်ချိရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး နောက်တစ်ဖက်၌ ရှစ်ရက်နှင့် ဗစ်ဒ်အသ်ဘက်သို့ ဖိတ်ခေါ်သူများကလည်း နယ်လှည့်၍ အသိတရားမဲ့အမိုက်ခေတ်၏ မိရိုးဖလာ ဓလေ့ထုံးစံများဘက်သို့ ဖိတ်ခေါ်လျက်ရှိခဲ့၏။ အမှန်ကိုအမှား၊ အမှားကိုအမှန် ဟန်ပြုကာ လူတို့အား သွေးဆောင်ဖြားယောင်းကြသည်။ လူတို့၏ ငွေကြေးဥစ္စာများကို မတရားသောနည်းဖြင့်ရယူကာ ဗိုက်ကျောင်းကြသည်။ စစ်မှန်ဖြောင့်မတ်သော သာသနာ့ပညာရှင်များအား သွေဖည်လမ်းမှားသူများအဖြစ် သတ်မှတ်ကြသည်။

ဤအခြေအနေကိုမြင်၍ စစ်မှန်သောသာ သနာ့ပညာရှင်များက အိန္ဒိယနိုင်ငံရှိ အစွလာမ်သာသနာနှင့် သာသနာဝင်တို့အကြား၌ ရှိသည့်အချိတ်အဆက်သည် အနာဂတ်တွင် ပြတ်တောက်တော့မည့်အရေး ရတက်မအေးဖြစ်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၌ အစွလာမ့်အုပ်ချုပ်မှု ဆိတ်သုဉ်းပြီးနောက် ဒီမိုကရေစီစနစ် စတင်ကတည်းက သာသနာ့ပညာရှင်များသည် အစွလာမ့်အနာဂတ်အတွက် ပိုမိုပူပန်မိခဲ့ကြသည်။ အစွလာမ့်အုပ်ချုပ်မှု ပျောက်ကွယ်ခြင်းကြောင့် အချုပ်အခြာအာဏာ၊ ရာထူးနှင့် ကြီးကဲဦးစီးခြင်း တည်းဟူသော မုစ်လင်တို့အပေါ် လွမ်းမိုးခြယ်လှယ်နိုင်သည့် ကျောထောက်နောက်ခံ အရင်းအမြစ်များ လက်လွတ်ဆုံးရှုံးသွားခဲ့ပြီး ယခုမူ အစွလာမ်သာသနာနှင့် သာသနာ့ကျင့်ထုံးတို့ကို ထိန်းသိမ်းကာကွယ်နိုင်စွမ်း မရှိတော့ဟု သာသနာ့ပညာရှင်တို့က ယူဆခဲ့ကြသည်။ ၎င်းတို့ထံ၌ အရင်းအနှီးဆို၍ သာသနာသာရှိသည်။ ဥစ္စာဆို၍လည်း ပညာသာရှိသည်။ ကျောထောက်နောက်ခံ အမှီပြုစရာဟူ၍လည်း သဝက်ကုလ် (ခ) အလွှာဟ်အရှင်မြတ်အား ယုံပုံအားထားခြင်း တရားသာ ရှိသည်။ လက်နက်ဟူ၍လည်း အစ်ခ်လားစ် (ခ) အလွှာဟ်အရှင်မြတ်အတွက် သက်သက်ထားရှိသော ဖြူစင်သည့် စေတနာတရားသာ ရှိကြသည်။ ဤသာသနာ၊ ပညာ၊ သဝက်ကုလ်၊ အခ်လားစ် တည်းဟူသော ရတနာလေးပါးကို အရင်းတည်၍ အစွလာမ်သာသနာတော် အမွန့်ရှည် တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံမှုရှိရေးအတွက် ခံတပ်ကြီးများ ဆောက်လုပ်မည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြသည်။

ဒေယိုဗန်ကျောင်းတော်ကြီးနှင့် မဏ္ဍဟာရွှေလိုဏ်းမ် ကျောင်းတော်ကြီး၏ သာသနာ့အကျိုး သယ်ပိုးပုံ

အစွလာမ်သာသနာတော်နှင့် သာသနာ့ပညာရပ်များ အခွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ဖို့ နည်းလမ်းတစ်ခုသာရှိသည်ဟု သာသနာ့ပညာရှင်တို့က ရှုမြင်သုံးသပ်ခဲ့ကြသည်။ ၎င်းမှာ အထက်တန်း သာသနာ့ကျောင်းများ တည်ထောင်ရေးနှင့် အနယ်နယ်အရပ်ရပ်၌ အခြေခံသာသနာ့ကျောင်းခွဲများ ကွန်ရက်ဖြန့်ချိရေးပင်။ ထို့နောက် အစွလာမ်မူပိုင် လူမှုဘဝအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ လှုပသည့် အစွလာမ်လူမှုဘဝရိပ်မြုံအား အမြစ်လှန်မည့် အနီရောင်အဆင့် အနောက်တိုင်းယဉ်ကျေးမှုနှင့် အတွေးအခေါ်မှန်တိုင်းအား ခုခံကာကွယ်မည့် ပညာရှိဆရာများ၊ အစွလာမ်တရားစစ်မှန်ဘက်သို့ လက်ဆင့်ကမ်း ဖိတ်ခေါ်မည့် ဆရာများအဖွဲ့ကို ဤအစွလာမ်ခံတပ် ကျောင်းတော်ကြီးများက အသင့်လုပ် မွေးထုတ်ပေးမည်ဖြစ်သည်။ ဤအဖွဲ့သည် မုစ်လင်မ်လူ့အဖွဲ့အစည်းအတွင်း သာသနာကို ရင်ဝယ်ပိုက်ထွေးလိုစိတ်၊ ဦးထိပ်ပန်ဆင်လိုစိတ်များ ပြန်လည်မွေးမြူပေးမည်။ ၎င်းတို့၏ နလုံးအိမ်အတွင်း၌ သာသနာပေါ် စိတ်ချယုံကြည်မှု မကျိုင်များ ပြန်လည်စိုက်ထူပေးရန် ရည်ရွယ်ခဲ့ကြသည်။

ဤနည်းဖြင့် အစွလာမ်နှင့် အစွလာမ်မူပိုင် လူမှုဘဝ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်သည်။ ဖော်ပြပါ ရည်ရွယ်ချက် အကောင်အထည်ဖော် အထမြောက်ရေးအတွက် ကျောင်းတော်ကြီးများ တည်ထောင်ရေး အစီအစဉ်များ အစပြုခဲ့ကြသည်။

မော်လာနာ မုဟမ္မဒ် ကာစင်မ်နာနောင်သဝီ ﵀ သည် ဒါရွှလ်အိုလူးမ် ဒေယိုဗန် ကျောင်းတော်ကြီးကို ဟစ်ဂျ်ရီ ၁၂၈၃ ခုနှစ်တွင် အုတ်မြစ်ချတည်ထောင်ကာ ကျောင်းကြီး၏ ဦးစီးနာယကတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဒေယိုဗန်ကျောင်းကြီး တည်ထောင်သည့် နှစ်မှာပင် ရှိုက်ခ် စအာဒသ်အလီ ﵀ က စဟာရန်ပူမြို့၌ မဇ္ဈဟာရွှေလိုဏ်းမ် ကျောင်းတော်ကြီးကို အုတ်မြစ်ချတည်ထောင်ခဲ့သည်။ ထို့နောက် အိန္ဒိယနိုင်ငံ၌ ကျောင်းများ တစ်ကျောင်းပြီးတစ်ကျောင်း စဉ်ဆက်မပြတ် ပေါ်ပေါက်လာခဲ့သည်။ အိန္ဒိယနိုင်ငံ၏ နယ်တိုင်း၌ အနည်းဆုံး ကျောင်းတစ်ကျောင်း ရှိလာခဲ့သည်။ သာသနာ့ပညာရပ်များကို တွင်ကျယ်အောင်လုပ်ခြင်း၊ အစွလာမ်မူပိုင် လူမှုဘဝ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ရှင်သန်စေခြင်း၊ ရှစ်ရိက်နှင့် ဗစ်ဒိအသ်ကို အမြစ်လှန်သုတ်သင်ခြင်း၊ မုစ်လင်မ်လူအဖွဲ့အစည်း၏ နလုံးအိမ်အတွင်း၌ သာသနာတော်ကို ဦးထိပ်ပန်လိုစိတ် အမှန်တရားကို ပြန်လည်မှုတ်သွင်းပေးခြင်း၊ ယုံကြည်ချက်အတွက် ကြုံကြံခိုင်သော စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားလိုသော စိတ်ဓာတ်များ မွေးမြူပေးခြင်း စသည့် အစွလာမ်သာသနာတော် ငွားစွင့်

ရေးကိစ္စများ ထမြောက်အောင်မြင်အောင် ကြိုးပမ်းရာတွင် အဆိုပါကျောင်းကြီးများ၏ ကျေးဇူးက အများဆုံးဖြစ်သည်မှာ ငြင်းမရသော အမှန်တရားပင် ဖြစ်သည်။

အဆိုပါ ကျောင်းများမှ ပြီးမြောက်အောင်မြင်သော သာသနာ့ပညာရှင်များသည် ယုံကြည်မှုအယူဝါဒ မှန်ကန်အောင် ပဲ့ပြင်ထိန်းကျောင်းပေးသည် သာမက တရားသစ်တီထွင်သူများ၊ လမ်းလွဲမှောက်မှားနေသူများနှင့်လည်း အထောက်အထား အခိုင်အမာဖြင့် အချေအတင် ဆွေးနွေးခြင်းများ ပြုခဲ့ကြသည်။

နောက်ဆုံးတွင် ထိုမှောက်မှားလမ်းလွဲသူတို့ ကြံရာမရ လက်မှိုင်ချကာ အမှန်တရား၏ ခြေရင်း၌ ဝပ်ဆင်းရသည်သာ ဖြစ်ခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲ၌လည်း ရှေ့ဆုံးမှ ရွတ်ရွတ်ခွဲခွဲ ပါဝင်ဆင်နွှဲသူများဖြစ်သလို အမိမြေကာကွယ်ရေးနှင့် အမိမြေကောင်းစားရေး ဟူဟူသရွေ့၌ ဦးဆောင်လုပ်ရှားသူများလည်း ဖြစ်ခဲ့ကြသည်။ ရက်စက်ကြမ်းကြုတ်သည့် မင်းလုပ်အုပ်ချုပ်သူများ၏ ရှေ့မှောက်၌ အသက်မငဲ့ကွက် နောက်တွန့်ကြောက်ရွံ့ခြင်းမရှိဘဲ မှန်သောစကားအား ရဲဝံ့စွာ ဆိုခဲ့ကြသူများလည်း ဖြစ်ခဲ့ကြသည်။

ဟဂျ်ရီ ၁၁၆၁ ခုနှစ်ဖွား မော်လာနာ နေဇာမွဒ္ဒီးန် အန်ဆွာရီ၊ ဖရန်ဂီ၊ မဟလ္လီ ﵀ ၏ ဒေရိစေ့နေဇာမီ သင်ရိုးအား အနည်းငယ် အပြောင်းအလဲပြုလုပ်၍ ဒါရွလ်အိုလူးမ်ကျောင်းတော်ကြီး၏ သင်ရိုးညွှန်းတမ်းအဖြစ် ပြဋ္ဌာန်းခဲ့သည်။ မော်လာနာ နေဇာမွဒ္ဒီန်း ﵀ ၏ သင်ရိုးသည် ဒဿနဗေဒ၊ ယုတ္တိဗေဒ၊ ဖေကာဓမ္မသတ် နည်းဥပဒေနှင့် ယုံကြည်မှုအယူဝါဒဆိုင်ရာ ပညာရပ်တို့အား အထူးဖောင်းပေး ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့သော် ဒါရွလ်အိုလူးမ်ကျောင်း၏ သင်ရိုးညွှန်းတမ်း၌မူ ဟဒီးစ်ပညာရပ်ကို အထူးအလေးပေးရေးဆွဲကာ ပြဋ္ဌာန်းခဲ့သည်။ ဟဒီးစ်တော်များကို သင်ကြားပေးခြင်း၊ ကြည်ညိုလေးမြတ်မှုအပြည့်နှင့် ဟဒီးစ်တော်များကို နှိုက်နှိုက်ချွတ်ချွတ် ချိန်ထိုးလေ့လာခြင်း၊ တစ်ဖန် ၎င်းဟဒီးစ်တော် အထောက်အထားများအပေါ် တည်မှီ၍ ဟနဖီမဇ်ဟပ်ခိုင်မာကြောင်း အတည်ပြုရာတွင် ဒါရွလ်အိုလူးမ်ကျောင်းက စံမတူ ထူးချွန်ဂုဏ်ထူး ဆွတ်ခူးခဲ့သည်။

ရှိုက်ခ် မုဟမ္မဒ်အဗ်ဒဟ် ﵀ ၏ အကျော်အမော် တပည့်ရင်းလည်းဖြစ်၊ မိမိခေတ် အခါက လျှမ်းလျှမ်းတောက် တရားဟောဆရာလည်းဖြစ်၊ အလ်မနားရ်မဂ္ဂဇင်း၏ အယ်ဒီတာလည်းဖြစ်သူ အီဂျစ်နိုင်ငံသား အလ္လာမဟ် စိုက်ယစ်ဒ် ရရှိုးဒ်ရေဇာမစ္စ်ရီ ﵀ က မိမိ၏ အိန္ဒိယနိုင်ငံ အလည်အပတ်ခရီးစဉ်တွင် ဒါရွလ်အိုလူးမ် ဒေယိုဗန်ကျောင်း၏ ဟဒီးစ်ပညာရပ်အကျိုး သယ်ပိုးပုံအဖုံဖုံနှင့် ဆရာများ၏ ဟဒီးစ်ပညာရပ်တွင် လေ့ကျွမ်းနှံ့စပ်ပုံတို့ကို ဖွင့်ဟဝန်ခံခဲ့သည်။ ထိုခရီးစဉ်တွင် ဒါရွလ်အိုလူးမ်ဒေယိုဗန်သို့ ရောက်ရှိလာခဲ့ရာ ဘဝင်ခိုက်ကြည်နူးဖွယ် ပညာဥယျာဉ်ကို မြင်၍ ရုတ်တရက် နူတ်ထွက်စကားမှာ (အကယ်၍သာ

ကျွန်ုပ်သည် ဤပညာရေးဌာနကြီးကို မမြင်ခဲ့ရသည်ရှိသော် အိန္ဒိယနိုင်ငံသို့ လာရကျိုးနပ်မည် မဟုတ်ပါ)ဟု ဖြစ်သည်။

ထို့နောက် ဟဒီးစ်ပါရဂူ မော်လာနာ အန်ဝရ်ရှားဟ် ကရှ်မီရီ ﵀ သင်ကြားပို့ချနေသော ဟဒီးစ်အတန်း၌ ပါဝင်နားထောင်ခွင့်ရသည့်အခါ (ကျွန်ုပ်သည် ဤကဲ့သို့သော ဓမ္မကထိကမျိုး တခါဘူးမျှ မတွေ့ခဲ့ဘူးပေ) ဟု ဆိုခဲ့သည်။ ထို့ပြင် (အကယ်၍ ဤခေတ်မှာ အိန္ဒိယပညာရှင်များကသာ ဟဒီးစ်ပညာရပ် ထွန်းကားရေးအား အင်တိုက်အားတိုက် မဆောင်ရွက်ခဲ့ပါမူ အရှေ့တိုင်းတွင် ဟဒီးစ်ပညာရပ် တိမ်ကောသွားမည်သာ ဖြစ်သည်။ အီဂျစ်၊ ဆီးရီးယား၊ အီရတ်နှင့် အရပ်ကျွန်းဆွယ်နိုင်ငံတို့၌ ဟစ်ဂျ်ရီ ၁၀ ရာစုလောက်ကတည်းက ဟဒီးစ်ပညာရပ် မှေးမှိန်စပြုလာခဲ့ရာ ၁၄ ရာစုနှစ် အစောပိုင်းတွင် လုံးလုံးလျားလျား ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့သည်) ဟူ၍လည်း မိမိ၏ (မစ်ဖ်သာဟု ကုန်းဖစ်စွန့်ဟ်) ကျမ်း နိဒါန်း၌ ရေးသားခဲ့သည်။

မော်လာနာ ကာစင်မ် နာနောင်ဝ်သဝီ ﵀

မော်လာနာ ကာစင်မ် နာနောင်ဝ်သဝီ ﵀ သည် ဟစ်ဂျ်ရီ ၁၂၄၈ ခုနစ်၌ နာနောင်ဝ် သဝဟ်ရွာတွင် ဖွားမြင်ခဲ့သူဖြစ်သည်။ ဟဇရသ် အဗူဗကရ် ﵁ သခင်ကြီး၏ အနွယ်တော် ဖြစ်သည်။ ဟဒီးစ်ပညာရပ်ကို ရှားဟ် အဗ်ဒုလ်ဂနီဗင်န် ရှားဟ် အဗူစအီးဒ်ဒေဟ်လဝီ ﵀ ထံမှ ဆည်းပူခဲ့သည်။ အတန်ကြာသည်အထိ ကိုယ်၊ စိတ်၊ နလုံး ဤသုံးပါးလုံးကို အစွလာမ်နည်းကျ အသုံးချတတ်ရန် ဆရာ့ထံ၌ အနီးကပ်နေထိုင်၍ ပြုစုပျိုးထောင်မှု ခံယူခဲ့သည်။

မိမိ၏ခေတ်အခါ၌ ခြိုးခြံကျင့်ဆောင်ခြင်းတရား၊ သက္ကဝါတရားနှင့် ပရမတ်အလင်း ပေါက်အောင် ဘာဝနာစီးဖြန်းရာတွင် ပေါက်မြောက်ထူးချွန်သူတစ်ဦး ဖြစ်ခဲ့သည်။ သခင် သည် ခရစ် ၁၈၅၇ ခုနှစ် လူထုအုံကြွမှုကြီးတွင် အင်္ဂလိပ်အစိုးရအား ပုန်ကန်တော် လှန်သူအဖြစ် သမုတ်ခံရ၍ အတန်ကြာ ပုန်းအောင်းတိမ်းရှောင်ခဲ့ရသည်။ ပြီးနောက် ဒါရွလ်အိုလူးမ် ဒေယိုဗန်ကျောင်းကို အုတ်မြစ်ချ တည်ထောင်ကာ ထင်ပေါ်ကျော်ကြားလာ ခဲ့သည်။ ခရစ်ယန်ဘုန်းတော်ကြီးများ၊ ဟိန္ဒူစကားစစ်ထိုး ဝါသနာရှင်များနှင့် အချေအတင် စကားစစ်ထိုးပွဲများ အကြိမ်ကြိမ် တက်ရောက်ခွင့်ကြုံခဲ့ရာ ပွဲတိုင်းတွင် သခင်က အပိုင်နွှဲ ကာ အနိုင်ကြဲခဲ့ချည်းသာဖြစ်သည်။ သခင်သည် အစွလာမ့်ယုံကြည်မှု အယူဝါဒများ၊ သာသနာ့အမိန့်ပညတ်ချက်များနှင့် ယုံကြည်မှု အယူဝါဒဆိုင်ရာပညာရပ်နှင့် စပ်လျဉ်း၍ အရေးပါသော ကျမ်းခိုင်ကျမ်းဂန်များကို ရေးသားပြုစုခဲ့သည်။ ထိုကျမ်းတို့သည် လွန်စွာ နက်နဲကျစ်လစ်သော မှတ်စုမှတ်ရာများ၊ ရည်ညွှန်းသုံးစွဲချက်များ၊ သိမ်မွေ့သော သဘော တရားများနှင့် အနုစိပ်ထုတ်နုတ်ချက်များဖြင့် ပြည့်နှက်လျက်ရှိသည်။ သခင်သည် အိန္ဒိယ နိုင်ငံ၌ ဘာသာရေး၊ ပညာရေး၊ နိုးကြားရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့အတွက် အဓိကနေ ရာမှ ပါဝင်လှုပ်ရှားသူများထဲတွင် မှတ်တမ်းတင်ခံထိုက်သူ ဖြစ်သည်။

မော်လာနာ ရရှိုးဒ်အဟ်မဒ် ဂန်ဂိုဟီ ﵀

မော်လာနာ ရရှိုးဒ်အဟ်မဒ် ဂန်ဂိုဟီအကြောင်း တစေ့တစောင်းအား အမှတ်အမြောက်၊ ဖွဲ့နွဲ့သိကုံးရာတွင် လွန်စွာ အလယ်အလတ်ကျစွာ စီကုံးသုံးနှုန်းထားသော စံမတူစာအုပ်ဖြစ်သည့် (အိန္ဒိယမုစ်လင်မ် မဟာဝင်ပုဂ္ဂိုလ်ကျော်များ)လာအတိုင်း မိတ်ဆက်တင်ဆက်ပေးပါမည်။

မော်လာနာ ရရှိုးဒ်အဟ်မဒ် ဂန်ဂိုဟီ ﵀ သည် သာသနာ့အမိန့်တော်များအတိုင်း တိတိပပ ကျင့်ဆောင်သူဖြစ်သည်။ စွန္ဒသ်တော်များကို ဖဝါးခြေထပ် လိုက်နာကျင့်ကြံသူ ဖြစ်သည်။ ဉာဏ်စဉ်စခန်း အတွင်းလမ်းပညာကို နှံစပ်၍ ပရမတ်အလင်း ပေါက်မြောက် ထူးချွန်သူလည်း ဖြစ်သည်။ တစ်မူထူးသော ဂုဏ်အင်ဝိသေသများနှင့် ပြည့်စုံသူဖြစ်သည်။ ဗစ်ဒ်အသ် တရားသစ်တီထွင်ခြင်းကို ဆန့်ကျင်ချေပသူ၊ အရေးပါသော သာသနာ့အမှတ်သညှာ ကြန်အင်လက္ခဏာများကို လေးစားတန်ဖိုးထားသူ ဖြစ်သည်။ သာသနာ့အမိန့်တော်များနှင့် စွန္ဒသ်တော်များကို ကျင့်ကြံအားထုတ်ရန် ဆော်သြတိုက်တွန်းသည်။

ဤသို့သော အရည်အချင်းတို့အရ သခင်သည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှ တစ်ခုပင်ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ အမှန်တရားနှင့် ပတ်သက်လာလျှင် မည်သူမျက်နှာမျှ မထောက်ပေ။ မကောင်းမှုကို တွေ့သည့်အခါ မသိကျိုးကျွံမပြုပေ။ သာသနာတော်တွင် ဖောက်လွဲဖောက်ပြန်လုပ်ခြင်းနှင့် သာသနာ့စည်းဘောင်ကို ချိုးဖောက်ခြင်းအမှုတို့တွင် လုံးဝ လက်ခံခြင်းမပြုပေ။ ကျိုးနွံနှိမ့်ချစိတ်သည် သခင်၏ ပင်ကိုယ်ဗီဇဖြစ်သည်။ အမှန်တရားသည် သခင်၏ အမှတ်သညှာလက္ခဏာဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းသည် သခင်၏ ထူးခြားဂုဏ်အင်ဖြစ်သည်။ မိမိပြောမှားဆိုမှားရှိပါက အမှန်တရားအတွက် မိမိစကားကို ပြန်လည်ရုတ်သိမ်းဖို့ ရှက်ကြောက်တွန့်ဆုတ်ခြင်း မရှိသူဖြစ်သည်။ တပည့်တို့အား ပညာသင်ကြားပို့ချခြင်း၊ ဆုံးမပဲ့ပြင်ပေးခြင်း၊ နာမ်ပိုင်းဆိုင်ရာ သန့်စင်ပဲ့ပြင်ပေးခြင်း အရာတို့တွင်လည်းကောင်း၊ ဗစ်ဒ်အသ်တိုက်ဖျက်ခြင်း၊ စွန္ဒသ်တော်များ တွင်ကျယ်စေခြင်း အရာတွင်လည်းကောင်း၊ ပညာ၊ သီလ အရာတွင်လည်းကောင်း စသည့် ကိစ္စအဝဝတို့တွင် ဦးဆောင်နာယက ဆရာတစ်ဦးဖြစ်ခဲ့သည်။ ဟစ်ဂျ်ရီ ၁၃၂၃ ခုနှစ်၊ ဂျမာဒုလ်စာနီ ၉ ရက် (ခရစ် ၁၉၀၈ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်) ၌ ကွယ်လွန်ခဲ့သည်။

ဟာကီမုလ်အွမ္မသ် မောင်လနာ အရှ်ရဖ်အလီ ထာနဝီ ﵀

ဒါရွလ်အိုလူးမ်ကျောင်း၏ ဦးစီးနာယက ဆရာများနှင့် ကျောင်းနှင့်နွယ်သော သာသနာ့ပညာရှင်များတွင် မော်လာနာ အရှ်ရဖ်အလီ ﵀ သည်လည်း တမူထူးချွန်ပေါက်မြောက်သူတစ်ဦး ဖြစ်သည်။ သခင်ကြီးအကြောင်း တစေ့တစောင်းကို အိန္ဒိယမုစ်လင်မ် မဟာဝင် အကျော်အမော်ပုဂ္ဂိုလ်များ စာအုပ်မှ ကောက်နတ်၍ မိတ်ဆက်ပေးပါမည်။

မော်လာနာ အရှ်ရဖ်အလီ ထာနဝီ ﵀ သည် အလွန်ကျော်ကြားသော သာသနာ့ပညာရှင်တစ်ဦး ဖြစ်သည်။ ကြီးကျယ်သော ဥပဇ္ဈာယ်ဆရာလည်း ဖြစ်သည်။ သခင်သည် သင်ကြားညွှန်ကြားပေးခြင်း၊ အစွမ်းနည်းကျ ပြုစုပျိုးထောင်ပေးခြင်းနှင့် အတွင်းမနော ပြုပြင်သန့်စင်ပေးခြင်း အရာတို့တွင် နယ်စုံ၊ အရပ်စုံမှ လူခပင်းတို့၏ ဦးတည်ရာ ဆရာတစ်ဦး ဖြစ်ခဲ့သည်။

လူတို့သည် ကိုယ်စီအခက်အခဲများ၊ စိတ်ရိုင်းမှာ စွဲကပ်နေသော နာတာရှည်ရောဂါများဖြင့် သခင့်ထံ အခစားဝင်ကြသည်။ ထို့နောက် သခင်သည် လာသမျှလူတိုင်းအား အလိမ္မာ၊ ပညာနှင့် စေတနာ ပြွမ်းနေသော ဆေးဘက်ဝင် တရားဒေသနာများ၊ လမ်းညွှန်ပဲ့ပြင်မှုများဖြင့် ကုစားပေးသည့်အတွက် အားလုံး တရားရကာ စိတ်သစ်၊ ကိုယ်သစ်နှင့် အိမ်ပြန်ခဲ့ကြသည်ချည်းသာ။ ထောင်ပေါင်းများစွာသော သူတို့သည် သခင်၏ ဆုံးမသြဝါဒ တရားများအား နားထောင်လျက်သော်လည်းကောင်း၊ သခင်၏ထိုင်ဝိုင်းများတွင် ပါဝင်လျက်သော်လည်းကောင်း၊ သခင်၏ စာမွန်ပေမွန်များကို ဖတ်လျက်သော်လည်းကောင်း စွန့်သည်တော်များအား ဖဝါးခြေထပ် လိုက်နာနိုင်စွမ်းနှင့် တရားတော်ကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံနိုင်စွမ်းများ ရရှိခဲ့ကြသည်။

သူတို့သည် ရှေးအစဉ်ကတည်းက မုစ်လင်မ်မဟုတ်သူများနှင့် အတူနေထိုင်လာခဲ့သဖြင့် မုစ်လင်မ်အသိုင်းအဝိုင်းတွင် စိမ့်ဝင်နေသော ယှဉ်တွဲကိုးကွယ်ရာရောက်သည့် အယူအစွဲများ၊ ဟိန္ဒူရိုးရာ သာရေးနာရေးပွဲများ၊ ဓလေ့ထုံးစံများကိုလည်း စွန့်လွှတ်ခဲ့ကြသည်။

သခင်သည် လူတို့အား စိတ်ဆင်ရိုင်းကို ပဲ့ပြင်သန့်စင်ပေးသည့် တစောင်ဝှဖ် ပရမတ်တရားကို လူတကာနားလည်အောင် လွယ်ကူပြေပြစ်သော စာပေဖြင့် တင်ပြပြီး လူမှုဘဝတစ်ခုလုံးကိုလည်း သစောင်ဝှဖ်အံကွက်ထဲတွင် ပုံသွင်းပြခဲ့သည်။ ထို့နောက် သွားရောက်ရမည့် ပန်းတိုင်နှင့် အရောက်လှမ်းနိုင်မည့် ကျောထောက်နောက်ခံ အရင်းအမြစ်များအကြား ကွဲပြားအောင် ခွဲခြားပြခဲ့သည်။ သခင်သည် စာအုပ်စာပေပေါင်း ၈၀၀ ကျော် ရေးသားပြုစုခဲ့သည်။ သခင်သည် ဟစ်ဂျ်ရီ ၁၃၆၂ ခုနှစ်၊ ရဂျဗ်လ ၁၆ ရက်နေ့၌ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အား ခံယူခဲ့သည်။

မော်လာနာ စိုက်ယစ်ဒ် ဟိုစိုင်းန် အဟ်မဒ်မဒနီ ﵀

ဥပဇ္ဈာယ်ဆရာတစ်ဦးလည်းဖြစ်၊ ဟဒီးစ်ပါရဂူတစ်ဦးလည်းဖြစ်သည့် မော်လာနာ စိုက်ယစ်ဒ် ဟိုစိုင်းအဟ်မဒ်မဒနီ ﵀ သည် ဟစ်ဂျ်ရီ ၁၂၉၆ ခုနှစ်၊ ရှအ်ဗာန်လ ၁၉ ရက် နေ့တွင် အနောင်ဝ်နယ်ရှိ ဘာန်ဂရ်မိုးရွာ၌ ဖွားမြင်ခဲ့သူဖြစ်သည်။ အခြေခံပညာရပ်များကို တာန်ဒါဟ်တွင် သင်ယူဆည်းပူခဲ့သည်။ ထို့နောက် ဒေယိုဗန်ကျောင်း၌ ၇ နှစ်တိုင်တိုင် ဘွဲ့ရသည်အထိ ဆက်လက်ပညာဆည်းပူခဲ့သည်။ ဟဒီးစ်ပညာရပ်ကို အိန္ဒိယနိုင်ငံ၏ ဓမ္မကထိကတစ်ဦးဟု ကျော်ကြားသော မော်လာနာ မဟ်မုဒ်လ်ဟစံ ﵀ ထံ၌ ဆည်းပူးခဲ့သည်။ အတန်ကြာသည်အထိ ဆရာဖြစ်သူ၏ထံပါး၌ နေထိုင်ခဲ့သည်။ ထို့နောက် သစ္စာ၊ သမာဓိ၊ ခြိုးခြံကျင့်ဆောင်ခြင်း၊ အလ္လာဟ်အရှင်မြတ်အား ယုံပုံအားကိုးခြင်း၊ အလ္လာဟ် အရှင်မြတ် နှစ်မြို့တော်မူခြင်းအတွက် သက်သက်သာ ရည်စူးခြင်း စသည့် စေတနာသဒ္ဓါ တရားများကို ရင်ဝယ်ပိုက်ကာ မဒီနာရွှေမြို့တော်၌ အတန်ကြာနေထိုင်ခဲ့သည်။

ထိုမှတဖန် အိန္ဒိယသို့ ကြွမြန်းလာကာ ခဏတာနေထိုင်ပြီးနောက် ဟစ်ဂျ်ရီ ၁၃၂၀ ခုနှစ်တွင် နောက်တစ်ကြိမ် ဟဂျ်ဇ်သို့သွားခဲ့သည်။ မဒီနာရွှေမြို့တော်တွင် ဟဒီးစ်၊ သဖ်စီးရိန့်နှင့် ဖွဲကဟ်ဘာသာရပ်များကို စေတနာအရင်းခံဖြင့် ပို့ချပေးခဲ့သည်။ ခရစ် ၁၉၁၇ ခုနှစ်မှ ၁၉၂၀ အထိ သုံးနှစ်တိုင်တိုင် မိမိ၏ ဥဿျာင်ဆရာ မော်လာနာ မဟ်မုဒ်လ် ဟစံ ﵀ နှင့်အတူ ဗြိတိသျှအစိုးရက 'မာလ်တာ'သို့ ပြည်နှင်ဒဏ်ပေးခြင်း ခံခဲ့ရသည်။ အမှန်တရား၊ ယုံကြည်ချက်အတွက် အသက်မငဲ့ကွက် နောက်တွန့်ကြောက်ရွံ့ခြင်းမရှိ၊ ခန္တီဖွဲ့ဖြင့် တည်ကြည်စွာ ဆက်တိုက်ဆောင်ရွက်တက်သည့် စိတ်အားသတ္တိမြင့်မားခြင်း၏ ပြယုဂ်ပင်။

အလ္လာမဟ် အနဝရ်ရှားဟ် ﵀ သခင် ဒါရွှလ်အိုလူးမ်ကျောင်းမှ အနားယူ၍ ဒါဗီလ်သို့ ပြောင်းရွှေ့သွားပြီးနောက် မော်လာနာ စိုက်ယစ်ဒ် ဟိုစိုင်းအဟ်မဒ်မဒနီ ﵀ အား ကျောင်းအုပ်ကြီးအဖြစ်လည်ကောင်း၊ ဟဒီးစ်ပါမောက္ခချုပ်အဖြစ်လည်းကောင်း ရာထူးနှစ် ခုစလုံးအတွက် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ သင်ကြားပို့ချရေး လုပ်ငန်းများနှင့်အတူ ကျောင်းအုပ်တာဝန်များကိုလည်း ကျပွန်စွာထမ်းရွက်ခဲ့သည်။

သူသည် ဒါရွှလ်အိုလူးမ်ကျောင်း၏ အစဉ်အလာ၊ ကျော်ကြားမှုနှင့် လူတိုင်းဦးတည်ရာ ဗဟိုချက်မဖြစ်မှု စသည့် ဂုဏ်ထူးဂုဏ်ရောင်တို့ကို အဆက်မပြတ် ထိန်းသိမ်းကာ မုစ်လင်မ်တို့၏ ပိုမို ယုံကြည်အားထားစရာဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သခင်သည် ဟဒီးစ်တော်များ ပို့ချလိုစိတ်၊ မုစ်လင်မ်တို့အတွင်း အမှန်တရားအတွက် အသက်မငဲ့ကွက်သည့် စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်များ မွေးဖွားပေးလိုစိတ် အမြဲပြင်းပြလျက်

ရှိခဲ့သူ ဖြစ်သည်။ မိမိ၏ မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ မယွန်းသောသန္နိဋ္ဌာန် တို့ဖြင့် ပညာရေးနှင့် နိုင်ငံရေး နယ်ပယ်နှစ်ခုလုံး၌ အပတ်တကုတ်ကြိုးပမ်းခဲ့သူ ဖြစ်သည်။

သခင်သည် ဟစ်ဂျ်ရီ ၁၃၆၁ ခုနှစ်၊ ဂျမာဒလ်အာခေရာလ ၈ ရက်နေ့တွင် အမိနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကြောင့် ဗြိတိသျှအစိုးရ၏ ဖမ်းဆီးအပြစ်ပေးခြင်း ခံခဲ့ရသည်။ ၃ နှစ်တိုင်တိုင် ထောင်ထဲတွင် ဒုက္ခမျိုးစုံအား ခါးစည်းခံခဲ့ပြီး အလွှာဟ်အရှင်မြတ်၏ ဘက် တော်မှ ချီးမြင့်တော်မူမည့် အကျိုးကျေးဇူးများကို မျှော်ကိုးကာ အပြုံးမပျက် ရင်ဆိုင်ခဲ့ သည်။ ထောင်ထဲတွင်လည်း ထောင်သားများအား တရားစစ်တရားမှန်ဘက်သို့ ဖိတ်ခေါ် ခြင်းနှင့် အလွှာဟ်အရှင်မြတ်အား ဇစ်က်ရ်တသခြင်းထဲ၌ နစ်မွမ်း၍နေခဲ့သူ ဖြစ်သည်။ ထောင်မှလွတ်ပြီးနောက်လည်း သင်ကြားပို့ချခြင်း၊ တရားစစ်တရားမှန်ဘက်သို့ ဖိတ်ခေါ် လမ်းညွှန်ခြင်း စသည့် မူလလုပ်နေကျ သာသနာ့ကြိုးပမ်းမှုများကို အဆက်မပြတ် ပြန် လည်၍ စတင်ဆောင်ရွက်ခဲ့သည်။

ခရစ် ၁၉၄၇ ခုနှစ် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် ခွဲထွက်ရေး ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ တစ်နိုင်ငံလုံးတွင် မျိုးရိုးစွဲ၊ ဂိုဏ်းကဏ္ဍစွဲမီးများ အလှုံ့ညီးညီး တောက်လောင်ခဲ့သည်။ အနယ်နယ်အရပ်ရပ်တွင် အတောမသတ်နိုင်သော သွေးချောင်းစီးပြဿနာများ စတင်ဖြစ်ပွားခဲ့သည်။ သာသနာ့ပညာရေးဌာနကြီးများပင် မြေခဖျောက်ကွယ်တော့မည့် စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ရသည်။ ထိုအခါ သခင်သည် မုစ်လင်မ်လူအဖွဲ့အစည်းရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ ဇွဲမာန်မလျော့ရန်နှင့် ခန္တီ တရား လက်ကိုင်ထားပြီး တစိုက်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ တရားဒေသနာများ ဟောပြောပို့ချခြင်းဖြင့်လည်း မုစ်လင်မ်တို့အပေါ် တင်ရှိသည့် သာသ နာ့တာဝန်များအား ပြန်လည်နှိုးဆော်ပေးခဲ့သည်။ သခင်၏ ဟောပြောမှုများကြောင့် လူတို့ တွင် အီမာန်ကပေးသော ဇာတိသွေးဇာတိမာန်များ သက်ဝင်လှုပ်ရှားလာခဲ့သည်။

သခင်သည် လူထုအား အရာရာအပေါ် အလွှာဟ်အရှင်မြတ်၏ ချွင်းချက်မဲ့ စွမ်း ဆောင်နိုင်ခြင်းအပေါ် ယုံကြည်အားကိုးစိတ်များ ခိုင်မာလာစေရန် ကြိုးပမ်းခဲ့သည်။ အစွလာမ်သာသနာ ရရှိထားခြင်းအပေါ် ဂုဏ်ယူဝင့်ကြွားစိတ်များ ပေါ်ပေါက်လာစေခဲ့ သည်။ ယိုင်တိယိုင်တိုင် ဖြစ်နေသော ခြေအစုံများအား တည့်မတ်ကြံ့ခိုင်လာကာ ကြောက် စိတ်များ ကင်းဝေးသွားစေခဲ့သည်။ သို့ဖြင့် သာသနာ့ပညာရေးဌာနများလည်း မူလရှိရင်းစွဲ အတိုင်း ပြန်လည်လည်ပတ်လာခဲ့သည်။ မုစ်လင်မ်တို့လည်း တရားစစ်တရားမှန်ဘက်သို့ ဖိတ်ခေါ်ရေး ကြိုးပမ်းမှုများကို ခံယူချက်အပြည့်နှင့် အင်တိုက်အားတိုက် ဆောင်ရွက်လို ဇောများ ပြင်းပြလာခဲ့ကြ၏။

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် သခင်သည် နိုင်ငံရေးကိစ္စများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှုပ်ရှားမှု မပြုတော့ဘဲ အနားယူခဲ့သည်။ သင်ကြားပို့ချခြင်း၊

တရားစစ်တရားမှန်ဘက်သို့ ဖိတ်ခေါ်ခြင်း၊ နာမ်ပိုင်းဆိုင်ရာ သန့်စင်ပေးခြင်းနှင့် ပဲ့ပြင်လမ်း ညွှန်ခြင်း ကိစ္စရပ်များကိုသာ အဓိကထား ဆောင်ရွက်ခဲ့သည်။ အုပ်ချုပ်မင်းလုပ်သူများနှင့် လုံးလုံးလျားလျား အဆက်အသွယ် ဖြတ်တောက်ခဲ့ပြီး ယုတ်စွအဆုံး ဒီမိုကရေစီခေါင်း ဆောင်ကြီးက ချီးမြှင့်သော နိုင်ငံ့ဂုဏ်ရည်ဆုကိုပင် လက်မခံခဲ့ပေ။ သခင်သည် ဟဒီးတော် များ သင်ကြားပို့ချခြင်း၊ လူတို့အား သာသနာတော်ကို မြဲမြံစွာ ဆုပ်ကိုင်ထားရန်၊ စွန့်သ တော်များကို ဖဝါးခြေထပ် လိုက်နာကျင့်သုံးရန်၊ သာသနာ၏ အမိန့်ပညတ်ချက်များကို မြေဝယ်မကျ လိုက်နာကျင့်ကြံရန်နှင့် စွဟာဇဟ်တို့၏ ဘဝမွန်ကို စံနမူနာယူရန် နယ် လှည့်တိုက်တွန်း ဆော်သြခြင်းကိုသာ ဆောင်ရွက်ခဲ့တော့သည်။

သခင်သည် (ခရစ် ၁၉၅၇) ဟစ်ဂျ်ရီ ၁၃၇၇ ခုနှစ်၊ ဂျမာဒလ်အူလာ ၁၃ ရက်၌ ကွယ်လွန်ခဲ့သည်။ ဘဝ၏ နောက်ဆုံးနေဝင်ချိန် ကာလများထိတိုင် သာသနာကို နှမ်းစေ့မျှ ဖောက်လွဲဖောက်ပြန် လုပ်သည်ကိုဖြစ်စေ၊ စွန့်သတော်များကို အရေးတယူ ဂရုမမူကြ သည်ကိုဖြစ်စေ မြင်ရတိုင်း နာကြည်းစိတ် အထွတ်အထိပ်ရောက်ကာ လုံးဝ ဖြေဆည်မျို သိပ်လို့ပင်မရ ဖြစ်ရသည်သာ။ သခင်သည် အစွလာမ်သာသနာတော်၏ အဓိကအရေးပါ သော အမှတ်သညာများကို မထိမဲ့မြင်လုပ်သူများနှင့် ထိပါးစော်ကားသူများကိုလည်း ပြင်း ထန်စွာ ချေပလေ့ရှိသူတစ်ဦးလည်း ဖြစ်သည်။

မော်လာနာ ခလီးလ်အဟ်မဒ် စဟာရန်ပူရီ ﵀

မော်လနာ ခလီးလ်အဟ်မဒ် စဟာရန်ပူး‌ရ် ﵀ သည် ဟဒီးစ်ပညာရပ်နှင့် ဖွေကာဟ် ပညာရပ်တွင် ပါရဂူမြောက် လေ့ကျမ်းနှံ့စပ်သော ပညာရှိသူမွန်များစာရင်းတွင် မှတ်တမ်းတင် ခံရသူဖြစ်သည်။ သခင်သည် ဟစ်ဂျ်ရီ ၁၂၉၆ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ သခင်သည် ဒါရွလ်အိုလူးမ် ဒေယိုဗန်နှင့် မဇ္ဈဟေရွလ်အိုလူးမ် ကျောင်းတော်ကြီးများ၌ မိမိနှင့် ဦးကြီးတော်စပ်သူ မော်လာနာ ယဒ်ကူးဗ်ဗင်န် မမ်လူးက်အလီ နာနောင်သဝီ ﵀ ထံတွင် လည်းကောင်း၊ မော်လာနာ မဇ်ဟရ် နာနောင်သဝီ ﵀ နှင့် အခြားသော ထူးချွန်ပေါက်မြောက်သည့် ဆရာသခင်ကြီးများထံတွင်လည်းကောင်း သာသနာ့ပညာရပ်များကို သင်ယူဆည်းပူးခဲ့သည်။ ဂန္ထဝင်ရသစာပေများကို သင်ယူဆည်းပူးရန် လာဟော်ရ်မြို့သို့ ခရီးနှင်ကာ စာပေပါရဂူကြီး မော်လာနာ ဖိုက်ဇ် ဟစံစဟာရန်ပူရီ ﵀ ထံ တပည့်ခံခဲ့သည်။ ပညာစုံ သင်ယူဆည်းပူးပြီးနောက် မဇ္ဈဟေရ်အိုလူးမ် ကျောင်း၌ စာချဆရာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဟစ်ဂျ်ရီ ၁၃၀၈ ၌ ဒါရွလ်အိုလူးမ်ကျောင်းတွင် စာချဆရာအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံခဲ့ရကာ ၆ နှစ်ကြာ သင်ကြားပို့ချရေးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ဟစ်ဂျ်ရီ ၁၃၁၄ ခုနှစ်၌ မဇ္ဈဟေရ်အိုလူးမ်သို့ ပြောင်းရွှေ့သွားပြီး ကျောင်းအုပ်ကြီးတာဝန်ကို နှစ်သုံးဆယ်ကျော်ကြာ စိတ်ရောကိုယ်ပါ ဇောက်ချပြီး ထမ်းရွက်ခဲ့သည်။ သခင်၏ ကြိုးပမ်းမှုများကြောင့် အိန္ဒိယနိုင်ငံတစ်ခွင်လုံးတွင် ကျောင်းတော်ကြီး၏ ဂုဏ်သတင်း ရနံ့သင်းပျံ့ခဲ့သည်။ လွန်စွာ ဝေးလံခေါင်သီသော ဒေသများမှ ကျောင်းတော်ကြီးတွင် ပညာရှာမှီရန် ကျောင်းသားများ ရောက်လာခဲ့ကြသည်။ သခင်သည် ဟစ်ဂျ်ရီ ၁၃၄၂ ခုနှစ်၌ မက္ကာဟ် ရွှေမြို့တော်နှင့် မဒီနာရွှေမြို့တော်များသို့ ပြောင်းရွှေ့သွားကာ ကွယ်လွန်သည်အထိ ထိုဒေသမှာပင် နေထိုင်ခဲ့သည်။

သခင်သည် ဟဒီးစ်ပညာရပ်ကို စူးနစ်နှံ့စပ်စွာ လေ့လာသင်ယူထားသူ ဖြစ်သည်။ မော်လာနာ မဇ်ဟရ် နာနောင်သဝီ ﵀ ၊ မော်လာနာ အဗ်ဒုလ်ကိုက်ယူးမ် ဗုရ်ဟာနဝီ ﵀ ၊ ရှိက်ခ် အဟ်မဒ်ဒဲဗ်လားန် ﵀ (ရှာဖေအီမုဖ်သီကြီး)၊ ရှားဟ် အဗ်ဒွလ်ဂနီ ﵀ ၊ စိုက်ယစ်ဒ် အဟ်မဒ်ဗရ်ဇန်ဂျီ ﵀ တို့ကဲ့သို့ လျှမ်းလျှမ်းတောက် ဟဒီးစ်ပါရဂူကြီးများထံမှ ဟဒီးစ်ဘွဲ့ရရှိခဲ့သည်။ ဟဒီးစ်တော်များကို သင်ကြားပို့ချပေးခြင်း၊ ခရေစေ့တွင်းကျ လေ့လာစူးစမ်း၍ သုတေသနပြုခြင်းနှင့် ဟဒီးပညာရပ်နှင့် ပတ်သက်သည့် ကျမ်းဂန်ကျမ်းခိုင်များ ရေးသားပြုစုရာတွင်လည်း လွန်စွာ ဝါသနာထုံသူတစ်ဦးလည်း ဖြစ်သည်။

သခင်၏ အကောင်အထည်ဖော်ချင်ဆုံး မျှော်လင့်ချက်မှာ အဗူဒါဝူဒ်ကျမ်းကြီးကို အကျယ်ဖွင့်ဆိုရန်ပင် ဖြစ်သည်။ သို့ရှိရာ သခင်သည် ဟစ်ဂျ်ရီ ၁၃၃၀ ခုနှစ်၌ ဤမွန်မြတ်လှသည့် အလုပ်ကြီးကို စတင်ခဲ့သည်။ ဆရာကောင်းတပည့် ပီသသူ ရှိုက်ခွလ်ဟဒီးစ်

မော်လာနာ ဇကရိယာကန်ဒေဟ်လဝီ ﵀ ကလည်း ဝိုင်းဝန်းကူညီပေးခဲ့သည်။ သခင်သည် မှတ်စုမှတ်ရာ အချက်အလက်များ စုဆောင်းခြင်း၊ စိစစ်ဝေဖန် တည်းဖြတ်ခြင်း၊ စာစီစေခြင်း စသည့်ကိစ္စများတွင်သာ အာရုံအပြည့်စိုက်၍ တစိုက်မတ်မတ်နှင့် ဇောက်ချ လုပ်ကိုင်ခဲ့သည်။ တခြားသောအလုပ်များကို လုပ်ကိုင်ရန် စိတ်မပါခဲ့သလို ဘဝင်မခိုက်ခဲ့ပေ။ သခင်သည် ဟစ်ဂျ်ရီ ၁၃၄၄ ခုနှစ် နောက်ဆုံး မက္ကာဟ်ခရီးစဉ်ထိတိုင်အောင် ထိုကျမ်း ပြုစုရေးထဲမှာသာ နစ်မွန်းနေခဲ့၏။ ဟစ်ဂျ်ရီ ၁၃၄၅ ခုနှစ်၊ မုဟ်ရမ်လအလယ်လောက်တွင် မဒီနာမြို့တော်၌ ခြေချကာ ရှုအ်ဗန်လ၌ ကျမ်းကို အဆုံးသတ်ခဲ့သည်။

စိုနန္နေအဗူဒါဝူးဒ် ကျမ်းအား အကျယ်ဖွင့်ဆို ရှင်းလင်းထားသော ဤကျမ်းကို (ဗဇ်လွလ် မဂျ်ဟူးဒ်ဖီ ဆိုနန္နေအဘီဒါဝူးဒ်) အမည်ဖြင့် ထုတ်ဝေဖြန့်ချိခဲ့သည်။ ကျမ်းကို အတွဲငါးတွဲဖြင့် ဖွဲ့စည်းထားသည်။ ဟဒီးစ်ပညာရပ်ကို စိတ်ပါဝင်စားသူများက လက်မ လည်အောင် ဝယ်ယူခဲ့ကြသည်။ ဟဒီးစ်သင်ကြားပို့ချနေသော ဆရာများနှင့် လေ့လာ ဆည်းပူးနေသော ကျောင်းသားများသည် ထိုကျမ်းမှ ပြည့်ဝစွာ အကျိုးခံစားခဲ့ကြသည်။ ထိုကျမ်းသည် သခင်၏ ဘဝတစ်သက်တာ လေ့လာဆည်းပူးခဲ့သမျှ၏ အနှစ်ချုပ်ပင်ဖြစ် သည်။ သခင်သည် ထိုကျမ်း ဆုံးခန်းတိုင် ပြီးမြောက်ရေးအတွက် ကြိုးပမ်းအားထုတ် ရာတွင် အခက်အခဲ၊ အကျပ်အတည်းပေါင်းစုံကို ရင်ဆိုင်ကာ မိမိဘဝတခုလုံးအား စတေး ခဲ့ခြင်း ဖြစ်သည်။ သခင်သည် သက်တမ်း၏ နောက်ဆုံးအချိန်များအား အလွှာဟ်အရှင် မြတ်အား ခဝပ်ကိုးကွယ်ခြင်း၊ ဇစ်ကိရဘာဝနာ စီးဖြန်းခြင်း၊ ကျမ်းတော်မြတ်ကုရ်အာန်အား ဖတ်ရွတ်ခြင်းတို့၌သာ တစိုက်မတ်မတ် မွေ့လျော်ရင်း အလွှာဟ်အရှင်မြတ်၏ အမိန့်တော် အား ခံယူခဲ့သည်။

သခင်သည် အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၊ စာပေလေ့လာ သုတေသနပြုခြင်း၊ ရေးသားပြုစုခြင်းနှင့် ဘာဝနာစီးဖြန်းခြင်း တို့တွင် အတိုင်းထက်အလွန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ထို့ကြောင့်ပင် အားအင်ချည့်နဲ့ကာ ကျန်းမာရေး ချို့ချာခဲ့ရ သည်။ အလွှာဟ်အရှင်မြတ်က သခင့်အား အကြောင်းခံ၍ လူပေါင်းများစွာကို အကျိုးဖြစ် ထွန်းစေခဲ့သည်။ သခင်၏ အပတ်တကုတ် ကြိုးပမ်းအားထုတ်မှု၊ ပြုစုပျိုးထောင်မှု တို့၏ အသီးအပွင့်အနေဖြင့် ဓမ္မကထိက အကျော်အမော်ကြီးများ၊ လူထုကို အစွမ်းမနည်းကျ ဘဝမွေးမြူရန် လမ်းညွှန်ပဲ့ပြင်ပေးသည့် ဥသျှောင်ဆရာအုပ်စုတစ်စု ပေါ်ပေါက်ထွန်း တောက်ခဲ့သည်။ ထိုဆရာများသည် အိန္ဒိယတစ်ခွင်၌ သာသနာ့ပညာရပ်များ ဖြန့်ချိခြင်း၊ အယူအစွဲများ ပဲ့ပြင်ထိန်းညှိပေးခြင်း၊ ပတ်ဝန်းကျင်ကို စည်ပင်စေခြင်းနှင့် တရားစစ် တရားမှန်ဘက်သို့ ဖိတ်ခေါ်ဆော်သြခြင်း လုပ်ငန်းများအား အင်တိုက်အားတိုက် ဆောင် ရွက်ခဲ့ကြသည်။

ထိုဆရာများအနက် အထင်ရှားဆုံးသော ပုဂ္ဂိုလ်များမှာ သဗ်လီးဂ်ျမာအတ် လုပ်ငန်းကို အုတ်မြစ်ချထူထောင်သူ မော်လာနာ မုဟမ္မဒ် အီလ်ယားစ် ကန်ဒေဟ်လဝီ ﵀ နှင့် ဟဒီးစ်ပါရဂူ မော်လာနာ မုဟမ္မဒ်ဇကရိယာ ကန်ဒေဟ်လဝီ ﵀ တို့ဖြစ်သည်။

မော်လာနာ ခလီးလ်အဟ်မဒ် စဟာရန်ပူးရ် ﵀ သည် လွန်စွာ ပါးနပ်ချက်ချာသူ၊ လွန်စွာ အပြောအဆို သိမ်မွေ့သူဖြစ်သည်။ ထို့ပြင် အမှန်တရားအား ရှင်းပြတ်စွာဆိုသူ၊ စွန့်သည်တော်ကို တိကျစွာ လိုက်နာကျင့်ဆောင်သူလည်း ဖြစ်သည်။ ဗစ်ဒ်အသ် တရား သစ်တီထွင်ခြင်းအား အလွန်ရွံမုန်းသူ ဖြစ်သည်။ ဇည့်သည်များအား ကောင်းစွာ ဧည့်ဝတ် ပြုလေ့ရှိပြီး မိတ်ဆွေသင်္ဂဟများအား ယဉ်ကျေးပျူငှာစွာ ဆက်ဆံလေ့ရှိသူလည်း ဖြစ် သည်။ အရာရာတွင် စနစ်ဇယားကို ခုံမင်၍ အချိန်လေးစား လိုက်နာခြင်းအပေါ် ပီတိဖြစ် လေ့ရှိသူ၊ အစဉ်အမြဲ လူထုအကျိုး သယ်ပိုးရန် လုံးပန်းလျက်ရှိသူလည်း ဖြစ်သည်။ သာသနာ့ကိစ္စများနှင့် ပတ်သက်ပြီး အမြဲပင် မိမိကိုယ်မိမိ ဆန်းစစ်ကာ နောင်တမလွန် အတွက် သောကအစဉ် ရင်ဝယ်ပိုက်မ၍ နေလေ့ရှိသူ၊ နိုင်ငံရေးနှင့် ဝေးဝေးနေပြီး မုစ်လင်မ်လူအဖွဲ့စည်း၏ အရေးကိစ္စများကိုမူ အမြဲသတိချပ်ကာ အာရုံစိုက်လျက်ရှိသူ လည်း ဖြစ်သည်။ သခင်၏ သာသနာအတွက် နာကျည်းတတ်သော စိတ်ဓာတ်သည် နောင်မျိုးဆက်များအတွက် အသက်ပါသော စံနမူနာတစ်ရပ်ပင် ဖြစ်၏။

သခင်သည် ခုနစ်ကြိမ်တိုင်တိုင် ဟဂ်ျပြုခွင့်ရခဲ့သည်။ ဟစ်ဂ်ျရီ ၁၃၄၂ ခုနှစ်တွင် နောက်ဆုံးအကြိမ် ဟဂ်ျပြုခဲ့သည်။ ဟစ်ဂ်ျရီ ၁၃၄၆ ခုနှစ်၊ ရဇီအွလ်အာခစ်ရ် ၁၆ ရက်၌ မဒီနာမြို့တော်တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အား ခံယူခဲ့သည်။ သခင်၏ ဂျနာဇာတွင် လူပေါင်းများစွာ ပါဝင်ခဲ့သည်။ သခင်နှင့်ခင်မင်သူတို့က အိပ်မက်ကောင်းများ မြင်မက်ခဲ့ကြသည်။ သခင့်အား အဲ့ဟ်လေ့ဗိုက်သ် (တမန်တော်မြတ် ﷺ ၏ အနွယ်တော်ဝင် အချို့) တို့၏ သချိုင်းတော်အနီးတွင် မြှုပ်နှံသင်္ဂြိဟ်ခဲ့ကြသည်။

ရှိက်ခွလ်ဟဒီးစ် မော်လာနာ မုဟမ္မဒ် ဇကရိယာ ကန်ဒေဟ်လဝီ ﵀

မော်လာနာ ခလီးလ်အဟ်မဒ် စဟာရန်ပူရီ ﵀ ၏ တပည့်ကျော်များအနက် အတော်ဆုံး၊ အထက်ဆုံးနှင့် အကျော်ကြားဆုံးတပည့်မှာ မဇ္ဈာဟေးရ်အိုလူးမ် ကျောင်း၏ ဟဒီးစ်ပါမောက္ခ မော်လာနာ မုဟမ္မဒ် ဇကရိယာ ကန်ဒေဟ်လဝီ ﵀ဖြစ်သည်။ သခင်သည် သက်တမ်းတစ်လျှောက်လုံးအား ဟဒီးစ်တော်များ သင်ကြားပို့ချခြင်း၊ ဟဒီးစ်ကျမ်းများကို သုတေသနပြုခြင်းနှင့် အကျယ်ရှင်းလင်းတင်ပြခြင်း အလုပ်များဖြင့်သာ အချိန်ကုန်စေခဲ့သူ ဖြစ်သည်။

ထို့ပြင် အကျယ်ဖွင့်ဆိုခဲ့သူ၊ သုတေသနပြုခဲ့သူ အကျော်အမော်တို့၏ ကောက်နုတ်တင်ပြချက်များကိုလည်း မိမိ၏ စူးစမ်းလေ့လာချက်၊ သုတေသနပြုချက်များဖြင့် အနစိပ် ဝေဖန်ပိုင်းခြားပြခဲ့သူလည်း ဖြစ်သည်။ သခင်ကိုယ်တိုင်က ပညာရေးအကယ်ဒမီကြီး တစ်ခုနှင့် အလားသဏ္ဌာန် တူပေသည်။ သက်တမ်းတစ်လျှောက်လုံး အလုပ်နှင့်လက် ပြတ်သည်ဟူ၍ မရှိခဲ့ပေ။ ဟဒီးစ်တော်များ သင်ကြားပို့ချရခြင်းနှင့် ရေးသားပြုစုရသည်မှအပ အခြားမည့်သည့်အရာကိုမျှ စိတ်ဝင်စားမှု မရှိခဲ့သလို ဘဝင်ခိုက်ခြင်းလည်း ကင်းပခဲ့သူဖြစ်သည်။ သခင်၏ ထင်ရှားကျော်ကြားသော ဟဒီးစ်အကျယ်ဖွင့် ကျမ်းခိုင်ကျမ်းဂန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ اوجز المسالك في شرح موطا الامام مالك

၂။ حجة الوداع وعمرات النبي صلى الله عليه وسلم

၃။ الخصال النبوية

၄။ لامع الدراري في تقريرات البخاري

၅။ الأبواب والتراجم للبخاري

သခင်သည် ဟစ်ဂျ်ရီ ၁၄၀၂ ခုနှစ်၊ ရှာဘ်ဗန်လ ၁ ရက်၊ ခရစ် ၁၉၈၂ ခုနှစ်၊ မေလ ၂၄ ရက်တွင် ကွယ်လွန်ခဲ့ပြီး မဒီနာရွှေမြို့တော်ရှိ ဂျန္နသွလ်ဗကီဥ် မြုပ်နှံသင်္ဂြိုလ်ခဲ့ကြသည်။

သာသနာရေးရာကျောင်းများ အောင်မြင်ရခြင်း၏ လှုံ့ဆော်ရတနာသိုက်

သာသနာ့ပညာများ ဖြန့်ဖြူးခြင်းနှင့် သာသနာ့ဝန်းကျင် ဖန်တီးပေးရာတွင် လည်းကောင်း၊ လူတို့တွင် သာသနာရေး အသိစိတ်များ နိုးကြားလာစေရန်နှင့် အစွမ်းစိတ် ရင်းစိတ်ဓာတ်များ ရှင်သန်လာအောင် နှိုးဆွပေးရာတွင် လည်းကောင်း ဒါရှုလ်အိုလူးမ် ဒေယိုဗန်၊ မဇ္ဈာဟေးရ်အိုလူးမ်နှင့် အခြားသော သာသနာ့ကျောင်းများသည် အံ့ဖွယ်အောင် မြင်မှုသရဖူ ဆောင်းခဲ့ကြသည်။ ထို့သို့ အောင်မြင်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဤကျောင်းများသည် မည်သည့်အခါကမျှ အစိုးရ၏ အကူအညီနှင့် ဦးစီးဦးကိုင်ပြုမှုကို လက်မခံခဲ့ခြင်းပင် ဖြစ်၏။ ထို့ပြင် ရိုးသားခြင်း၊ ရောင့်ရဲခြင်း၊ စွန့်လွှတ်စတေးခြင်း၊ ခြိုးခြံ ချွေတာခြင်း၊ သည်းခံဆောက်တည်ခြင်း စသည့် ခိုင်မာတောင့်တင်းသော အုတ်မြစ်အပေါ် အရင်းတည်၍ ဆောက်လုပ်ထူထောင်ကာ ကြံ့ကြံ့ခံရပ်တည်ခဲ့ကြသည်။ ဤအုတ်မြစ်ကြီး ကသာလျှင် ထိုကျောင်းများအား သာသနာရေးရာများတွင် အင်တိုက်အားတိုက် ကြိုးပမ်း နိုင်စွမ်းနှင့် တက်ကြွစွာ ရင်ဆိုင်လှုပ်ရှားနိုင်စွမ်းများကို ဖြည့်တင်းပေးခဲ့ခြင်း ဖြစ်သည်။ ထို့အတူ ထိုကျောင်းများမှ ပြီးမြောက်အောင်မြင်ကြသည့် ဘွဲ့ရများသည် အစိုးရထံမှ အလုပ်အကိုင်ခန့်ထားမှုအား မျှော်လင့်တောင့်တခြင်း၊ လစာနောက်သို့ ငန်းငန်းတက် လိုက်လိုခြင်း စသည့် လောဘများမှလည်း လုံးဝကင်းရှင်းကြသည်ကို တွေ့ရမည်ဖြစ်၏။ အကြောင်းမှာ ထိုကျောင်းများသည် အစိုးရနှင့် လုံးဝ အနှောင်အဖွဲ့ကင်းသောကြောင့် ထိုကျောင်းများမှ ထုတ်ပေးသော ဘွဲ့လက်မှတ်များသည် အစိုးရထံ၌လည်း လုံးဝအကျိုး မဝင်ခဲ့ပေ။ သို့မှသာ ထိုဘွဲ့ရတို့သည် အလုပ်မခင်၊ လခမမြင်ဘဲ သာသနာဘက်သို့ ဖိတ်ခေါ်ခြင်း၊ သာသနာဖြန့်ချိခြင်းနှင့် လူသားမျိုးနွယ်စုတစ်ခုလုံး အောင်ကြောင်းဖြာစေရာ လုပ်ငန်းများအား မိမိတို့၏ အလုပ်ခွင်အဖြစ် သတ်မှတ်ကာ အားသွန်ခွန်စိုက် ကြိုးပမ်းကြ မည်သာ။ ဤနည်းဖြင့် သာသနာဘက်သို့ ဖိတ်ခေါ်သူများ ပေါ်ပေါက်ထွန်းတောက်ခဲ့ခြင်း ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ နစ်သက်တော်မူခြင်းကို ရရှိရေးသည်သာ ၎င်းတို့၏ မျှော် လင့်ချက်ဖြစ်ပြီး သာသနာပြန့်ပွားရေးမှာ ၎င်းတို့၏ ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် နောင်တမလွန်တွင် အောင်မြင်မှု၏ သရဖူဆောင်းခွင့်ရရေးကိုသာ ၎င်းတို့က ဦးထိပ်ပန် ဆင်ခဲ့ကြ၏။ အလုပ်တိုင်းကို စေတနာသက်သက်ဖြင့်သာ လုပ်ကိုင်ခဲ့ကြသည်။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ကြသလို တရားစစ်တရားမှန် ပြန့်ပွားရေးမှအပ အခြားသော အရေးကိစ္စ ရပ်များအား စိတ်မဝင်စားခဲ့ကြပေ။ သာမန်လူတို့နှင့်လည်း တိုက်ရိုက် အဆက်အသွယ် ထားရှိကြ၏။ ဗလီဝတ်ကျောင်းတော်များနှင့် သာသနာရေးကျောင်းများသည် ၎င်းတို့ အတွက် တရားစစ်တရားမှန် ဖြန့်ချိရာဌာနများဖြစ်သည်ဟု ရင်ဝယ်ပိုက်ထွေးခဲ့ကြ၏။

ဂင်းတို့၏ စေတနာအင်အား၊ စွန့်လွှတ်စတေးနိုင်သော စွမ်းရည်နှင့် စိတ်အားသတ္တိတို့ဖြင့် ကြိုးပမ်းမှုကြောင့် ထမြောက်အောင်မြင်ခဲ့သော ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုကြီးများ များစွာရှိသည်။ အလွန်ကြီးမားသော ဌာနကြီးများကို မဆိုထားဘိ လွန်စွာ အင်အားကြီးပါ သည်ဆိုသော အင်ပါယာကြီးများပင် မိမိတို့တွင်ရှိသည့် ကျောထောက်နောက်ခံ အရင်း အမြစ်အလုံးစုံအား အသုံးပြုပြီးနောက်လည်း ဖော်ပြပါ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများ ကို ထမြောက်အောင်မြင်စေရန် အကောင်အထည်ဖော်နိုင်သည့် အစွမ်းအစ မရှိပေ။

နယ်ချဲ့အင်္ဂလိပ်အစိုးရအား ဆန့်ကျင်ရေး ဦးဆောင်လှုပ်ရှားမှု

မော်လာနာ မဟ်မူးဒ်ဟစံ ﵀ သည် ဒါရွှလ်အိုလူးမ်ကျောင်း၏ ကျောင်းအုပ်ကြီး ဖြစ်ခဲ့သည်။ နောင်တွင် ရှိုက်ခွလ်ဟင်းဒ် (ခ) အိန္ဒိယနိုင်ငံ၏ ကဝိမွန် ဟု ကျော်ကြားခဲ့ သည်။ သခင်သည် နယ်ချဲ့အင်္ဂလိပ်အစိုးရအား လွန်စွာ ရွံ့မုန်းသူဖြစ်သည်။ သခင်သည် အိန္ဒိယလွတ်လပ်ရေး တိုက်ပွဲ၊ နယ်ချဲ့အစိုးရအား ဆန့်ကျင်တိုက်ထုတ်ရေး၊ လွတ်လပ်ပြီး တရားမျှတသော ပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းရေး တို့အတွက် ရှေ့ဆုံးမှ အသက်မငဲ့ ကွက် ပေးဆပ်စတေးခဲ့သူများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဘုရင်ကြီးတီပူး၏နောက်တွင် နယ်ချဲ့အင်္ဂလိပ်တို့အား အရှုံမုန်းဆုံးသူသည် သခင် ကြီးသာဖြစ်မည်ဟု ဆိုနိုင်ပါသည်။ အစ္စလာမ့်ကမ္ဘာတစ်ခုလုံး၏ ဦးစီးခေါင်းဆောင်ဖြစ် သော အော်တိုမန်အင်ပါယာကြီးကိုလည်း အင်တိုက်အားတိုက် ထောက်ခံအားပေးသူ ဖြစ် သည်။ သခင်ကြီးသည် အာဖဂန်နစ္စတန်အစိုးရ တာဝန်ရှိသူ အကြီးအကဲများ၊ အော်တိုမန် အင်ပါယာကြီး၏ ဦးစီးခေါင်ဆောင်များနှင့် ခိုင်မာသော အချိတ်အဆက်တစ်ခု ပြုလုပ်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့သည်။

ဟစ်ဂျ်ရီ ၁၂၁၆ ခုနှစ်တွင် သခင်ကြီးအား ရှရီးဖ်ဟိုစိုင်းအစိုးရက မဒီနာရွှေမြို့ တော်၌ ဖမ်းဆီးကာ အင်္ဂလိပ်အစိုးရလက်သို့ အပ်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ခရစ် ၁၉၁၇ ခုနှစ်တွင် သခင်ကြီးနှင့် မိတ်ဆွေအပေါင်းအပါများ၊ အချို့သောတပည့်များအား ၁၉၂၀ ခုနှစ်အထိ မောလ်တာသို့ ပြည်နှင်ဒဏ်ပေးခဲ့သည်။ ထိုတပည့်များထဲတွင် မော်လာနာ ဟိုစိုင်းအဟ်မဒ် မဒနီ ﵀၊ ဟကီးမ်နွတ်စ်ရသ် ဟိုစိုင်းန် ﵀၊ မော်လဝီ စိုက်ယစ်ဒ် ဝဟီးဒ်အဟ်မဒ် ﵀ တို့ပါဝင်သည်။ ဂျမ်အီယသွလ် အိုလမာအဖွဲ့ချုပ်ကို အုတ်မြစ်ချထူထောင်သူ မော်လာနာ အဗ်ဒွလ်ဗာရီ ဖရန်ဂီမဟလ္လီ ﵀ သည် အမျိုးသား ရေး တက်ကြွလှုပ်ရှားသူဖြစ်ပြီး ခေလာဖသ်စနစ် ပေါ်ပေါက်ရေးအတွက် အားကြိုးမာန် တက် ကြိုးပမ်းခဲ့သူဖြစ်သည်။

ဤလွပ်လပ်ရေးတိုက်ပွဲတွင် လူထု၏ ထောက်ခံအားပေးမှုကို အပြည့်အဝ ရရှိခဲ့သည်။ ဟိန္ဒူနှင့် မုစ်လင်မ်တို့ ဒိုးတူပေါင်ဖက် စုစည်းကာ နယ်ချဲ့အင်္ဂလိပ်တို့အား ရွပ်ရွပ်ခွံခွံ ဆန့်ကျင်ခဲ့ကြသည်။ ဤကဲ့သို့ ဟိန္ဒူနှင့် မုစ်လင်မ်တို့ လက်တွဲညီညီ၊ တက်တက်ကြွကြွနှင့် ပါဝင်ခဲ့သည့် လှုပ်ရှားမှုမျိုး အိန္ဒိယနိုင်ငံ၏ သမိုင်းတစ်လျောက်တွင် တွေ့ရမည်ပင် မဟုတ်ပေ။ မုစ်လင်မ်တို့က ဦးစီးနာယကနေရာက ပါဝင်ဆင်နွှဲခဲ့ကြပြီး အင်္ဂလိပ်တို့အား ဆန့်ကျင်ရန် လူထုကိုဆော်သြရာတွင် အဓိက ဦးစီးဦးဆောင်ပြုသူများမှာလည်း မုစ်လင်မ်များပင် ဖြစ်၏။

အင်္ဂလိပ်သမိုင်းပညာရှင် မစ္စတာ ဝီလ်ယမ်ဟင်တာ က မိမိ၏စာအုပ် (Indian Muslalmans) 'အိန္ဒိယသား မုစ်လင်မ်များ' ၌ အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲအကြောင်း တင်ပြရင်း

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲတွင် အလျှံညီးညီး ဟုန်းဟုန်းတောက်ခဲ့သောမီးသည် စိုက်ယစ်ဒ် အဟ်မဒ်ရှဟီးဒ် ﷺ မွေးခဲ့သည့် ဂျပားဒ်မီးစသာ ဖြစ်သည် ..... ဟု ရေးသားခဲ့သည်။

လွတ်လပ်ရေးတိုက်ပွဲကို ဦးဆောင်နွှဲခဲ့ကြသော ပညာရှင် အကျော်အမော်များမှာ မော်လာနာ အဟ်မဒုလ္လာဟ်၊ မော်လာနာ လေယာကသ်အလီ၊ ဂျန်ရလ်နဂျီးဗ်ခန်း၊ ဟာဂျီ အင်မ်ဒါဒွလ္လာ မုဟာဂျစ်ရ် မက္ကီ၊ မော်လာနာ မုဟမ္မဒ် ကာစင်မ်နာနော်သဝီ၊ မော်လာနာ ရရှီးဒ်အဟ်မဒ် ဂန်ဂိုဟီ၊ ဟာဖစ်ဇ် မုဟမ္မဒ်သွာမင်န် رحمة الله عليهم စသည် တို့ဖြစ်ကြသည်။ ၎င်းတို့အပြင် လွတ်လပ်ရေးတိုက်ပွဲ အသီးသီးတွင် အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲခဲ့ကြသည့် ပညာရှိသူမွန်များ၏စာရင်းလည်း ကျန်ရှိပါသေးသည်။

နဒ်ဝသုလ် အိုလမာ

သာသနာ့ပညာနှင့် ခေတ်ပညာအကြား နယ်စည်းများ ခြားလာကြသည်။ သာသနာရေးရာကျောင်းများနှင့် ခေတ်ပညာရေးရာကျောင်းများမှ ပြီးမြောက်အောင်သူများအကြား တဖြည်းဖြည်း သူစိမ်းဆန်မှု စံချိန်မြင့်တက်လျက်ရှိသည်။ ကြာလာသည်နှင့်အမျှ ဝိဝါဒများ ကွဲလာကြသည်။ တစ်ဂိုဏ်းစီ၊ တစ်ဖွဲ့စီ ဖြစ်လာကြသည်။ တစ်နိုင်ငံသားတည်း ဖြစ်လင့်ကစား နှစ်ဖက်၏ ဘာသာစကားမှာ တစ်မျိုးစီဖြစ်လာသည်။ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ အယူအဆနှင့် စိတ်နေစိတ်ထားများ ကွဲပြားခြားနားလာခဲ့သည်။ တစ်ဖက်တစ်နယ်စီ ဖြစ်လာခဲ့ပြီး နှစ်ဖက်ပေါင်းကူးပေးမည့် တံတားလည်း မရှိခဲ့ပေ။ မြင်သူတိုင်းက တစ်ဖွဲ့သည် မြေကမ္ဘာကဖြစ်ပြီး နောက်တစ်ဖွဲ့သည် လကမ္ဘာကဖြစ်သည်ဟုပင် ထင်မြင်ကြမည့် အခြေအနေပင်။

ဤသည်တို့ကို သာသနာ့ပညာရှင်များ သတိပြုမိသော် မျက်မှောက်ခေတ်တွင် အစွလာမ့် တရားစစ် တရားမှန်များကို ကျယ်ပြန့်ထိရောက်စွာ ဖြန့်ချိနိုင်ရန် ခေတ်ကာလ၏ သဘောသဘာဝ၊ ခေတ်ပေါ်လူထုနှင့် ရင်းနှီးကျွမ်းဝင်မှုရဖို့ လမ်းတစ်သွယ် ရွေးချယ်ကာ လှုပ်ရှားမှုဖြစ်မည်၊ ထိုလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သူများကို ခေတ်စားနေသောပညာ၊ ဗဟုသုတများနှင့် ကျွမ်းဝင်နှံ့စပ်အောင် ပြုလုပ်ပေးရမည် ဟု ကောက်ချက်ချခဲ့ကြသည်။ သို့ဖြင့် ဟစ်ဂျ်ရီ ၁၃၁၆ ခုနှစ်၌ လခ်နောင်မြို့တွင် "နဒ်ဝါသုလ်အိုလမာ" ကျောင်းတော်ကြီးအား စတင် အုတ်မြစ်ချခဲ့ကြပြီး မော်လာနာ စိုက်ယစ်ဒ် မုဟမ္မဒ်အလီ မွန်ဂေရီ ﵀ က ရှေ့ ဆုံးမှ ပါဝင်ခဲ့သည်။

ကျောင်းတော်ကြီး၏ ဆောင်ပုဒ်မှာ

ကောင်းမှုဆောင် မကောင်းမှုရှောင်၍ အသစ်နှင့်အဟောင်းကို ပေါင်းစပ်ခြင်းနှင့် သာသနာတော်၏ ယုံကြည်မှု အယူဝါဒနှင့် မကျိုးငြားအား မြဲမြံစွာ ဆုပ်ကိုင်ကာ အကွဲအလွဲရှိသော ပညတ်များတွင် ဖြေလျော့ခြင်းများ ပြုရမည်ဖြစ်သည်။

ဤကျောင်းတော်ကြီးက ယဉ်ကျေးမှုနှစ်ရပ်လုံးကို နှံ့စပ်ကျွမ်းကျင်သော ပညာရှိ ကဝိသူမွန်များ၊ ကလောင်ရှင်များ မွေးထုတ်ပေးခဲ့သည်။ ထို့ပြင် ၎င်းတို့၌ အမြင်မတူ၊ အယူကွဲသော အုပ်စုနှစ်စုကို ရင်ကြားစေ့ပေးရာတွင် ထိရောက်စွာ အကောင်ထည်ဖော်ဆောင်ရွက်နိုင်သည့် အရည်အချင်းလည်း ရှိကြသည်။ ကျောင်းတော်ကြီးတွင် လက်မွန်မဆွကတည်းက အလွာအသီးသီး၊ ဂိုဏ်းအဖုံဖုံမှ လူငယ်များ ပညာဆည်းပူးခဲ့ကြသည်။ ၎င်းတို့ထဲမှ တချို့သည် စာချဆရာအဖြစ်လည်း တာဝန်ထမ်းဆောင်ကြသည်။

အလ္လာမဟ် စိုက်ယစ်ဒ် ဆိုလိုင်မာန် နဒ်ဝီ ﵀

မော်လာနာ စိုင်ယစ်ဒ် ဆိုလိုင်မာန် နဒ်ဝီ ﵀ သည် နဒ်ဝသုလ်အိုလမာ ကျောင်းတော်ကြီးမှ စွန့်ဦး ပြီးမြောက်အောင်မြင်သူဖြစ်ပြီး တစ်မူထူးချွန် ပေါက်မြောက်သူတစ်ဦးလည်း ဖြစ်သည်။ အစွလာမ့်ကမ္ဘာရှိ ထိပ်သီး သာသနာ့ပညာရှင်များထဲမှဖြစ်ပြီး မိမိခေတ်ရှိ ဓမ္မကထိက အကျော်အမော်များစာရင်း၌လည်း ပါဝင်သူဖြစ်သည်။ ဆရာကြီးက အစွလာမ့် အမြင်၊ အစွလာမ့်အတွေးအခေါ်များကို စေ့စေ့ငှ ဖွင့်ဟရှင်းပြသူအဖြစ်တစ်မျိုး၊ စာရေးဆရာအဖြစ်တစ်ဖုံ၊ စာပေရသပါရဂူအဖြစ်တစ်သွယ်၊ လွတ်လပ်ရေးဗိသုကာကြီးအဖြစ်တစ်သွင် ထင်ပေါ်ကျော်ကြားသူ ဖြစ်သည်။

အရဗီဂန္ထဝင်စာပေ၊ အရဗီမူတို့တွင် တစ်ဖက်ကမ်းခတ် ထူးချွန်ပေါက်မြောက်သူ၊ ပါရမီခံရှိသူ ဖြစ်သည်။ သမိုင်းဘာသာရပ်တွင် ကျမ်းဂန်နှံ့စပ်သူဖြစ်ရာ သမိုင်းကြောင်းလာ အချက်အလက်များကို အထောက်အထား အခိုင်အမာဖြင့် ကိုယ်တိုင်ကိုယ်ကျ သုတေသနပြုကာ ကောက်ချက်ချနိုင်သူ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ဆိုင်ရာ ပညာရပ်များ၊ ယုံကြည်မှု အယူဝါဒဆိုင်ရာ ပညာရပ်နှင့် လူမှုဗေဒ စသောပညာရပ်တို့တွင်လည်း အထူးပင် နှံ့စပ်ကျွမ်းကျင်သူ ဖြစ်သည်။

အူရဒူအနုစာပေလေ့ကျွမ်းသူ၊ အရဗီမှနှံ့စပ်သူဖြစ်ရာ လက်တန်းဖြစ် ဒိုးဒိုးဒေါက်ဒေါက် ထွန်းပေါက်အောင် ရေးသားနိုင်သူဖြစ်သည်။ ကဗျာအနုပညာသဓွလည်း ကောင်းသူဖြစ်၍ ပို့၊ ကဗျာ၊ လင်္ကာ၊ ရတု အူရဒူမှု၊ အရဗီမှု နှစ်ရပ်လုံး လေ့ကျွမ်းသူဖြစ်သည်။ ခွန်းသည်းခံခြင်းတရား လက်ကိုင်ထားသူဖြစ်၍ ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်သူလည်း ဖြစ်သည်။

အတိုက်အခံများ၊ ရန်သူများကိုလည်း နားလည်ခွင့်လွှတ်ပေးသူ၊ မိမိအာ ရိုင်းပြစ်ဆက်ဆံခြင်းကိုလည်း သည်းခံခွဲသူဖြစ်ပြီး မီးခိုးအဆုံး မိုးအဆုံး စောင်းချိတ်တတ်သည့် အကျင့်ဆိုးမှလည်း ကင်းကွာသူ ဖြစ်သည်။ သခင်သည် အအ်ဖွမ်ဂရ် ရှိ ဒါရွလ်မိုစန်နိဗီးန်၌ အယ်ဒီတာအဖြစ် အချိန်အတန်ကြာ ဆောင်ရွက်ခဲ့သည်။

သခင်သည် ခေါင်းစဉ်အသီးသီးဖြင့် သုတေသန စာအုပ်စာပေ အမြောက်အများ ရေးသားခဲ့သည်။ သခင် ပြုစုရေးသားထားသော သုတေသန စာအုပ်စာပေများရှိ အရေးပါသော အချက်အလက်များ၊ စူးရှထက်မြက်၍ သဘာဝကျသော အတွေးအမြင်များသည် တခြားသော ဘာသာစာပေတို့တွင် တွေ့ရခဲမည် ဖြစ်သည်။ ရေးသားပြုစုခဲ့သော ကျမ်းတို့မှာ .....

(1) خطبات مدراس

(2) سيرة عائشة

(3) حيات مالك

(4) أرض القرآن

(5) سيرة النبي

စသည်တို့ ဖြစ်ကြသည်။

သခင်သည် ပညာဂုဏ်မြင့်မားသူ၊ ကျမ်းဂန်နှံ့စပ်သူ၊ သုတကြွယ်သူ၊ အရေးအသား အဖွဲ့အနွဲ့အရာတွင် တစ်မူထူးသည့် ကိုယ်ပိုင်မူရှိသူ ဖြစ်သည်။ သာသနာ့ပညာရှင် ကဝိသူမွန် အမြောက်အများအပြင် နာမည်ကြီး အစွလာမ့်ကဗျာသခင် အလွာမဟ် ဒေါက်တာ အစ်က်ဗားလ် ကိုယ်တိုင်ကပင် သခင်၏ ဝိသေသများကို ဖော်ကျူးကာ ဂုဏ်တင်ချီးမွမ်းခဲ့သည်။ သခင်သည် သာသနာတော်ကို လွန်စွာ ရိုသေကိုင်းရိုင်းသူ၊ သူတော်ကောင်းသူမြတ်လောင်းတစ်ဦး ဖြစ်သည်။ ရှရီအသ်တရားတော်ကို စွဲမြဲစွာ ဆုပ်ကိုင်ကျင့်သုံးသူ ဖြစ်ပြီး အလွာဟ်အရှင်မြတ်၏ ဘက်တော်သို့သာ အစဉ်ဦးလှည့် ခယသူ ဖြစ်သည်။ အစွလာမ်တည်းဟူသော ဗိမာန်ကြီး ဖြိုးမောက်ဝင့်ဝါရေးအတွက် အမြဲတစေ ရတက်မအေးသူ ဖြစ်သည်။

သခင်သည် ဟစ်ဂျ်ရီ ၁၃၇၃ ခုနှစ်၊ ရဗီအုလ်အောက်ဝလ်လ ၁၄ ရက် (ခရစ် ၁၉၅၃ ခုနှစ်) တွင် ကရာချီမြို့၌ အလွာဟ်အရှင်မြတ်၏ အမိန့်တော်အား ခံယူခဲ့သည်။ မော်လာနာ ရှဗ်ဗီးရ် အဟ်မဒ် အွတ်စ်မာနီ ﵀ သခင်ကြီး၏ နဘေးတွင် မြှပ်နှံခြင်း ခံခဲ့ရသည်။ လူပေါင်းသိန်းနှင့်ချီ၍ ဂျနာဇဟ်တွင် ပါဝင်ခဲ့ကြသည်။

နဒ်ဝါသုလ်အိုလမာ ကျောင်း၏လမ်းစဉ်နှင့်မူ

နဒ်ဝါကျောင်း၏ အတွေးအခေါ်၊ အယူအဆ၊ သာသနာနှင့် ယုံကြည်မှု အယူဝါဒတို့သည် အစွလာမ်သာနာတော်ပေါ်၌သာ အခြေတည်ထားသည်။ ကျောင်း၏ လမ်းစဉ်သည် သာသနာတော်ကို ဖောက်လွဲဖောက်ပြန်လုပ်ခြင်း၊ မှောက်မှားထွေပြားသော အယူအဆများ လက်ကိုင်ပြုခြင်း၊ သာသနာတော်ကို စိတ်တိုင်းကျ စွဲယူဖွင့်ဆိုခြင်း စသည့် အရောင်စုံများမှလည်း ကင်းလွတ်သည်။ အစွလာမ်သာသနာတော်ကို ဖွင့်ဆို ရှင်းလင်း တင်ပြရာတွင် နဒ်ဝါကျောင်း၏ အခြေခံမူမှာ အစွလာမ့်ပင်မ စမ်းပေါက်ကြီးများမှ အကျိုးခံကာ မှန်ကန်ခိုင်မာသော ပင်ရင်း အကိုးအကားများဘက်သို့သာ ဦးလှည့်ခြင်းဖြစ်သည်။

အမလ အကျင့်သီလပိုင်းနှင့် အခ်လားက် စာရိတ္တပိုင်းတို့တွင် သာသနာတော်၏ အတွင်းအနှစ်အသားကို ရွေးချယ်ဆုပ်ကိုင်သည်။ သာသနာ့ အမိန့်ပညတ်ချက်များအပေါ် လက်တွေ့ကျင့်ကြံသည်။ သာသနာတော်၏ ဓမ္မစစ်အနှစ်ဖြစ်သည့် လိပ်ပြာသန့်သန့်နှင့် အလွှာဟ်အရှင်မြတ်အား ချစ်ခင်တွယ်တာစိတ်ကို မွေးမြူသည်။

အစွလာမ်တည်းဟူသော ဗိမာန်ကြီး စတင်ဝင့်ဝါငွားစွင့်ခဲ့သည့် စွန့်ဦးခေတ်သာလျှင် အကောင်းဆုံးခေတ်၊ တန်ဖိုးအထားထိုက်ဆုံးသော ခေတ်ဖြစ်သည်၊ ထိုခေတ်က ပုဂ္ဂိုလ်များသာလျှင် စံပြုထိုက်သည့် ပုဂ္ဂိုလ်များ ဖြစ်သည်၊ ၎င်းတို့သည် နဗူဝသ်၏ အေးရိပ်ဆာယာအောက်မှာ ကြီးပြင်းခဲ့ကြသည်၊ အီမာန်နှင့် ကုရ်အာန်ကို သင်ပေးသည့် ရစူလ်တမန်တော်၏ ကနဦးကျောင်းမှ ပြီးမြောက်အောင်မြင်ခဲ့ကြသူများလည်း ဖြစ်ကြသည်။ ထိုစွန့်ဦးခတ်နှင့် စံဝင်ပုဂ္ဂိုလ်များထံမှ အကျိုးခံစား နောက်လိုက်မှသာလျှင် ကျွန်ုပ်တို့သည် အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်မည် ဖြစ်သည်။

ဤသည် နဒ်ဝါသုလ်အိုလမာ၏ သမိုင်းဆိုင်ရာ ခံယူချက်အုတ်မြစ် ဖြစ်သည်။

ပညာသည် အဟောင်း၊ အသစ် ဟူ၍ မရှိ။ အနောက်တိုင်းပညာ၊ အရှေ့တိုင်းပညာ ဟူ၍ မရှိ။ အကယ်၍ ခွဲခြားမည်ဆိုလျှင် မှားသည်၊ မှန်သည်၊ အကျိုးဖြစ်သည်၊ အဆိုးဖြစ်သည်၊ အရေးပါ အရာရောက်သည်၊ အချည်းအနှီးဖြစ်သည်၊ ပန်းတိုင်ဖြစ်သည်၊ ပန်းတိုင်ကို ရောက်စေမည့် ကျောထောက်နောက်ခံ အရင်းအမြစ်ဖြစ်သည် စသော ရှု့ထောင့်များမှသာ ခွဲခြားရမည်ဖြစ်၏။

ဤသည် နဒ်ဝါသုလ်အိုလမာ၏ ပညာရေးဆိုင်ရာ၊ သင်ပေးသင်ယူမှုဆိုင်ရာ ခံယူချက် အုတ်မြစ်ဖြစ်သည်။

ဉာဏ်ပညာ ဗဟုသုတသည် မုအ်မင်နှ်၏ ပျောက်ဆုံးနေသောအရာ ဖြစ်သည်။ ထိုပျောက်ဆုံးနေသော အရာကို မည်သည့်နေရာ၌ပင် တွေ့ပါစေ။ ထိုအရာသည်

မုအ်မင်နန့် အထိုက်တန်ဆုံးဖြစ်သည် ဟု တမန်တော်မြတ်ﷺက မိန့်တော်မူခဲ့သည်။ ထို့အတူ အနစ်ကိုယူ အကာကိုပစ် ဟူ၍ မြန်မာဆိုရိုးရှိသကဲ့သို့ သန့်တာဆောင် ညစ်တာရှောင် ဆိုသည့် အရဇီစကားတစ်ခုလည်း ရှိသည်။ မည့်သည့်အရာသည် အကျိုးခံစားသင့်သည့် အရာဖြစ်သည်၊ မည်သည့်အရာသည် စွန့်လွှတ်ကျောခိုင်းသင့်သည့် အရာဖြစ်သည် စသည်တို့ကို နဒ်ဝါကျောင်းတော်ကြီးက ဖော်ပြပါ ဟဒီးစ်တော်နှင့် အဆိုအမိန့်ပေါ် အရင်းတည်၍ မိမိ၏မူဝါဒကို သတ်မှတ်သည်။

အစွလာမ်သာသနာတော်ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သာသနာဖျက် အင်အားစုများကို ရင်ဆိုင်အန်တုရန် ဒါရွလ်အိုလူးမ် ကျောင်းတော်ကြီးက အောက်ပါ အာယသ်တော် အပေါ် အရင်းတည်၍ မိမိ၏မူဝါဒကို သတ်မှတ်သည်။

ထို့ပြင် အသင်တို့သည် ထိုကာဖိရ် သွေဖည်ငြင်းပယ်သူတို့နှင့် ပြိုင်ဆိုင်(တိုက်ခိုက်)ရန် အလို့ငှာ မိမိတို့တတ်စွမ်းသမျှ (လက်နက် အစရှိသော) အင်အားကို အဆင်သင့် စုဆောင်း၍ ထားရှိကြလေကုန်။ (စူရဟ် အန်ဖားလ်း၆၀)

အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သို့ ဖိတ်ခေါ်ရာတွင်လည်းကောင်း၊ အစွလာမ့် အလှတရားများကို ရှင်းလင်းတင်ပြရာတွင်လည်းကောင်း၊ လူဆင်ခြင်တုံနှင့် အသိတရားတို့အား အစွလာမ် သာသနာတော်၏ မှန်ကန်ခြင်းကို စိတ်ချလက်ချ ယုံကြည်လက်ခံလာအောင် သိမ်းသွင်းရာတွင်လည်းကောင်း ဒါရွလ်အိုလူးမ်း ကျောင်းတော်ကြီးက လက်ကိုင်ပြုသည့် နည်းစနစ်မှာ အောက်ပါ အဆိုအမိန့်အတိုင်း ဖြစ်သည်။

လူတို့အား ၎င်းတို့ဉာဏ်မီနိုင်မည့် စကားများကိုသာ အသင်တို့ ပြောဆိုကြပါ။ ၎င်းတို့က အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်၏ ရစူလ်တမန်တော်အား မဟုတ်မမှန်ဟု ငြင်းပယ်ကြမည်ကို အသင်တို့ လိုလားပါသလော။

ယုံကြည်မှု အယူဝါဒနှင့် ပဓာနကျသော အရင်းအမြစ်များအပိုင်းတွင် ပညာရှင်အများစုတို့၏ လမ်းစဉ်ကို ဆုပ်ကိုင်ကာ ရှေးပညာရှင်တို့၏ ရပ်တည်ချက်၊ သုတေသနပြုချက် အတိုင်းသာ လက်ခံကျင့်သုံးရန် အရေးကြီးသည်ဟု မှတ်ယူသည်။ ဆင့်ပွားလာသော ဖွေကာဟ်ဆိုင်ရာ အမိန့်ပညတ်ချက်များတွင် အချင်းချင်း အမုန်းပွားခြင်း၊ ကွဲပြဲခြင်းများ မဖြစ်ပွားစေရန် အတတ်နိုင်ဆုံး ပညာရှင်တို့အကြား အကွဲအလွဲရှိသော မစ်အလဟ်များတွင် လက်မထည့်ပေ။ ရှေးသူတော်စင်တို့ကို အထင်ကောင်း အမြင်ကောင်ထားကာ ကွဲလွဲရခြင်း၏ အကြောင်းတရားများကို ရှာဖွေသည်။ အရာရာတွင် အစွလာမ်သာသနာတော်၏ အကျိုးကို ရှေ့တန်းတင်ခြင်းကိုသာ ဦးစားပေးသည်။

အချုပ်ဆိုရသော် အထက်ဖော်ပြပါ မူဝါဒသည် အစွလာမ့်သုခမိန်ကြီး ရှားဟ် ဝလီယွလ္လာဟ် ဒေဟ်လဝီ ﵀ သခင်ကြီး၏ ကျောင်းတော်က လက်ကိုင်ပြုသော အတွေးအခေါ်၊ အယူအဆနှင့် တထေရာတည်းပင် ဖြစ်၏။

ထို့ကြောင့် နဒ်ဝါကျောင်းတော်ကြီးသည် စာအုပ်စာပေ၊ ဘာသာစကားနှင့် ပညာရပ်များကိုသာ ကန့်သတ်ဘောင်ခပ် သင်ကြားပေးသော ကျောင်းမဟုတ်ဘဲ ရည်ရွယ်ချက်အသီးသီး၊ ပန်းတိုင်အသွယ်သွယ်ကို တူရွပြုကာ တွေးခေါ်ကြံဆရာ ဥယျာဉ်ကြီးတစ်ခုအသွင် ဖြစ်သည်။

အရပ်ကမ္ဘာအပေါ် အစဉ်အမြဲ အာရုံစိုက်ကာ သုံးသပ်ခြင်း

နဒ်ဝါကျောင်းဆင်းများသည် အရပ်ကမ္ဘာနှင့် လွန်စွာ ခိုင်မာသည့် အချိတ်အဆက်ထားရှိကြသည်။ အရပ်ကမ္ဘာရှိ စာရေးဆရာ အကျော်အမော်များ၊ နိုင်ငံရေးသမားများနှင့် ခေတ်ပညာတတ်အလွှာမှ ပုဂ္ဂိုလ်တို့၏ အတွေးအခေါ်၊ အယူအဆများကို ကောင်းစွာ လေ့လာသိရှိကြသည်။ ကလောင်စွမ်းထက်သူများက မိမိတို့၏ စာပေများဖြင့် မုစ်လင်မ်လူထုအတွင်း သိမ်ငယ်စိတ်များ မွေးဖွားပေးခြင်းနှင့် ပညာရေး၊ ယဉ်ကျေးမှု၊ ထုတ်ကုန်၊ ထွက်ကုန် စသည့် အစစအရာရာ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကြီး၌ အစွလာမ်နှင့် အစွလာမ့်သင်ခန်းစာများ ဦးဆောင်ဦးရွက်ပြု လမ်းညွှန်နိုင်စွမ်း မရှိတော့ဟူသည့်သဘော သက်ရောက်သော အရေးအသားများကိုလည်း ကောင်းစွာ သတိမူမိခဲ့ကြသည်။ အရပ်ကမ္ဘာရှိ မျိုးနွယ်စုများအကြား ဖြစ်ပေါ်နေသော အုံကြွမှုများ၊ ပဋိပက္ခများနှင့် နိုင်ငံတကာအပြောင်းအလဲများကိုလည်း သိကြသည်။ အရပ်ခေါင်းဆောင်များနှင့် ကလောင်ရှင်တို့၏ အရပ် အမျိုးသားရေး ကြွေးကြော်သံများနှင့် အမျိုးသားရေးကို မိမိတို့၏ အမှတ်သညာအဖြစ် သတ်မှတ်ကာ အသိတရားမဲ့ အမိုက်ခေတ်အား တကျော့ပြန် ပုံဖော်လိုသူများ၏ လှုပ်ရှားမှုများကိုလည်း အလေးထား လေ့လာမှုများကြောင့် ထိုးထွင်းသိထားကြသည်။ ထို့ကြောင့် နဒ်ဝါကျောင်းဆင်းများသည် အစွလာမ်၏ သရုပ်မှန်ကို ပုံဖော်တင်ဆက်ပြခွင့် ရရှိကြသည်သာ ဖြစ်၏။

သူတို့သည် အစွလာမ်အပေါ် စိတ်ကုန်နေသူများအား အားသစ်လောင်းပေးဖို့ အပတ်တကုတ် ကြိုးစားကြသည်။ အရပ် အမျိုးသားရေးဝါဒကို အမြစ်လှန်ပစ်ရန်နှင့် မျိုးရိုးစွဲဝါဒကြောင့် ပြိုကွဲနေသည့် လူထုအား ကလေမဟ်တစ်ခုတည်းအပေါ် အရင်းတည်၍ တသွေးတသား၊ တစုတစည်းတည်း ပြုလုပ်ပေးရန် နှုတ်စွမ်း၊ ကလောင်စွမ်းများကိုလည်း အသုံးပြုကြသူများ ဖြစ်ကြသည်။

သို့ရှိရာ နဒ်ဝါသုလ်အိုလမာ ကျောင်းတော်ကြီးက တဖက်တွင် လစဉ်ထုတ် အရဗီစာစောင် البعث الإسلامي အလ်ဘအ်သွလ် အစွလာမီနှင့် ၁၅ ရက် တစ်ကြိမ်ထုတ် အရဗီစာစောင် الرائد အရ်ရာအစ်ဒ် ကို ထုတ်ဝေသည်။ ထို့အတူ ၁၅ ရက် တစ်ကြိမ်ထုတ် အူရ်ဒူစာစောင်ကိုလည်း تعمير حيات သအ်မီရေ့ဟယားသ် အမည်ဖြင့် ထုတ်ဝေသည်။ စာရေးသူကိုယ်တိုင်နှင့် အခြားသော နဒ်ဝါကျောင်းဆင်းများက စာအုပ်ပေါင်းများစွာ ရေးသားထုတ်

ဝေခွဲသည်။ ထိုစာအုပ်များကို အရဗ်စာဖတ်ပရိတ်သတ်က နှစ်သက် လက်ခံခဲ့ကြသည်။ အရဗ်ပညာရှင်များ၊ ကလောင်ရှင်များကလည်း ဖွင့်ဟချီးမွမ်းကြသည်။ အခြားတစ်ဖက်တွင် အစွလာမ့်စာအုပ်စာပေများ ထုတ်ဝေဖြန့်ချိရန် အစွလာမ့်စာပေ စိစစ်ဖြန့်ချိရေးဌာနတစ်ခုကို အုတ်မြစ်ချခဲ့သည်။ ထိုစာအုပ်စာပေများဖြင့် အစွလာမ်သာသနာအပေါ် အထင်အမြင်လွဲကာ စိတ်ကုန်နေသော ခေတ်ပညာတတ် အသိုင်းအဝိုင်းအတွင်း အစွလာမ့်အယူ၊ အစွလာမ့်အတွေး၊ အစွလာမ့်အမြင်များ တစ်ကျော့ပြန် သက်ဝင်လှုပ်ရှားလာစေရန် အားသစ်လောင်းပေးမည်။ ခေတ်တိုင်းမှာ ဦးဆောင်ဦးရွက်ပြုနိုင်စွမ်း အပြည့်ရှိခဲ့သည့် အစွလာမ့်အယူ၊ အတွေးအမြင်နှင့် စိတ်ဓာတ်တို့ကို မူလအတိုင်းဖြစ်အောင် ပြန်လည်အသက်သွင်းမည်။ အမှောင်ကျနေသော နလုံးသားများအား အလင်းဆောင်ပေးခဲ့သည့် အစွလာမ့်ဒါဝသ်ဖိတ်ခေါ်မှု၏ ဂန္ထဝင်တွင် စံတင်ဖွယ်နမူနာများကို ချပြတင်ဆက်ပေးမည်။

အစွလာမ်တည်းဟူသော ဗီမာန်ကြီးသည် ထာဝရဝင့်ဝါဖြိုးမောက်နေမည် ဖြစ်ကြောင်း အထောက်အထားနှင့်တကွ ဖွင့်ဟချပြမည်။ ခေတ်တိုင်းမှာ အစွလာ့မ်အသိုင်းအဝိုင်း နှိုးကြားရေး လှုပ်ရှားသူများနှင့် အစွလာမ်သာသနာ တကျော့ပြန် တင့်တယ်ငွားစွင့်အောင် မွမ်းမံထိန်းသိမ်းသူ အကျော်အမော်များ ပေါ်ပေါက်လျက်ရှိကြောင်း သက်သေထူပြမည်။

ဤနည်းနှင့် နဒ်ဝါသွလ် အိုလမာကျောင်းတော်ကြီးသည် အရဗီရသစာပေဆိုင်ရာ သင်ရိုးတစ်ခုကိုလည်း အောင်မြင်စွာဇ ရေးဆွဲခွင့်ရခဲ့သည်။ ထိုသင်ရိုး၌ သာသနာ့သုတနှင့် စာပေရသကို ပေါင်းစပ်ထားသည်။ ထို့အတူ အစွလာမ့်အခြေခံအယူဝါဒ၊ အစွလာမ့်သင်ခန်းစာများ၊ အစွလာမ့်အလှတရားများ၊ အနစ်သာရများကို ပုံပြင်များ အကြောင်းခံဖြင့် ကလေးငယ်တို့၏ အဖြူရောင်နလုံးသားနှင့် ဦးနှောက်၌ ဆွဲညှိအနယ်ထိုင်သွားအောင် တင်ဆက်ပေးထားသည်။ သင်ရိုးညွှန်းတန်း၌ အလွန်အရေးပါသော အပိုင်းတွင် ပါဝင်သည့် قصص النبيين'ကစွစွန်နဗီယီးန်' စာအုပ်နှင့် ပတ်သက်၍ မော်လာနာ အဗ်ဒုလ်မာဂျစ်ဒ် ဒရိရာဘာဒီ ﷺ က ဤစာအုပ်သည် ကလေးတို့၏ ယုံကြည်မှုအယူဝါဒဆိုင်ရာ ပညာရပ်ဖြစ်သည်ဟု ဖွင့်ဟဝန်ခံ မိန့်ဆိုခဲ့သည်။

အရဗ် အတွေးအခေါ်ပညာရှင် အကျော်အမော်လည်းဖြစ်၊ အဓိပတိ ကလောင်ရှင်ကြီးလည်း ဖြစ်သည့် စိုင်ယစ်ဒ် ကုသုဗ်ရှဟီးဒ် ﷺ ကလည်း ဤစာအုပ်သည် အီဂျစ်ပညာရေးဝန်ကြီးဌာနတွင် ကျွန်ုပ်ကိုယ်တိုင် ပါဝင်ရေးဆွဲထားသော قصص الأنبياءကစွစွလ် အန်ဗေယာအ် စာအုပ်ထက် ပိုမိုအကျိုးဖြစ်ထွန်းစေသည့် စာအုပ်ဖြစ်သည်ဟု မိမိ၏ နိဒါန်းတွင် ဝန်ခံဖွင့်ဟထားသည်။

သဗ်လီးဂ်ဂျမာအသ်

မော်လာနာ မုဟမ္မဒ် အီလ်ယားစ် ﷺ သည် မုစ်လင်မ် အသိုင်းအဝိုင်းအတွင်း သာသနာ့စိတ်ဓာတ်များ စိတ်သုဉ်း၍ သာသနာမဲ့ဂယက် ကြီးကျယ်စွာ ရိုက်ခတ်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ပြီး အနောက်တိုင်း ယဉ်ကျေးမှု၊ ခေတ်သစ်ပညာရေး စနစ်နှင့် အင်္ဂလိပ်အစိုးရက လွှင့်ထုတ်ထားသော အဆိပ်အတောက်များ ပြန့်နှံ့လိုက်စားနေသည်ကိုလည်း ရိပ်စားမိခဲ့သူ ဖြစ်သည်။ တရားစစ်တရားမှန်ဘက်သို့ ဖိတ်ခေါ်သူ၊ နှိုးကြားရေး လှုပ်ရှားသူများကလည်း လောကီစည်းစိမ် ယစ်မူးကာ တရားစစ်တရားမှန်ဘက်သို့ ဖိတ်ခေါ်ရန်ပင် မေ့လျော့နေကြသည်ကိုလည်း သတိချပ်မိခဲ့သည်။ သာသနာရေးရာ ကျောင်းများသည်လည်း လူ့အဖွဲ့အစည်းနှင့် အချိတ်အဆက်ပြတ် အလှမ်းဝေးကာ ပင်လယ်သမုဒ္ဒရာအတွင်းရှိ ကျွန်းတစ်ကျွန်းနယ် အသွင်ဆောင်သွားကြောင်း သူက သတိမူခဲ့သည်။ လွှမ်းမိုးဆွဲဆောင်နိုင်စွမ်းများ ကုန်ခန်းကာ ကိုယ်တိုင်က လွှမ်းမိုးမှုခံနေရသည့် အခြေအနေသို့ ဆိုက်ရောက်နေသည်ကိုလည်း ဆင်ခြင်ခဲ့၏။ ဤဤသော အခြေနေမျိုး၌ သခင်က တောမှီသည့် ယောဂီလုပ်ခြင်း၊ သက်သောင့်သက်သာ နေလိုစိတ်ကို ဦးစားပေးခြင်းနှင့် ကျောင်းစာသင်ခြင်း တစ်ခုတည်းဖြင့် တင်းတိမ်ခြင်း မပြုသင့်တော့သည်ကို သတိမူမိသည်။ ဤအခြေနေဆိုးကို ပြောင်းလဲရန် လူထုနှင့် လက်တွဲရန် အရေးတကြီး လိုအပ်နေပြီး အနည်းငယ် နှောင့်နေးကြန့်ကြာခဲ့လျှင် အစွန်လာမ့်လူဘောင်ကြီး ချွတ်ခြုံကျတော့မည်ဟု သုံးသပ်မိခဲ့သည်။ ရောဂါသည်များသည် မိမိရောဂါအခြေအနေ အဘယ်မျှစိုးရိမ်အမှတ်ထိ ရောက်သွားနိုင်သည်၊ အရုပ်ကြိုးပျက် ဖြစ်သွားနိုင်သည်ကို မခန့်မှန်းနိုင်သကဲ့သို့ လက်ရှိအခြေအနေကိုလည်း သတိပြုမိခဲ့၏။

သို့ရှိရာ သူသည် ပထမဦးဆုံး အထူးအလေးပေး ဆောင်ရွက်ရမည့် ကိစ္စရပ်များအား အောက်ပါအတိုင်း စီမံအကွက်ချသည်။

သူသည် လူထုနှင့် အဆက်အသွယ်လုပ်၍ သောက်ဟီးဒ်တရား၊ သာသနာ့အခြေခံတရားများနှင့် မဖြစ်မနေသိရန် အရေးကြီးသော အမိန့်ပညတ်ချက်များကို ၎င်းတို့၏ နလုံးအိမ်နှင့် ဦးနှောက်၌ ဆွဲငြိသွားအောင် ဦးစွာကြိုးပမ်းမည်၊ ထို့နောက် အစွန်လာမ့်မကျွံဂျင်များ၊ မဖြစ်မနေ သင်ယူရန် အရေးကြီးသော သာသနာ့ပညာနှင့် ဇစ်ဂ်ရ်ဘာဝနာ စီးဖြန်းခြင်းတို့ကို ဂရုစိုက်ရန် ဆော်သြမည်။ ထို့ပြင် ဤဖိတ်ခေါ်ရေးအလုပ်ကို လုပ်ရာတွင် စည်းမျဉ်းစည်းကမ်းများကို အထူးအလေးပေး လိုက်နာရမည်။ သို့လိုက်နာမှသာလျှင် ဤဒအ်ဝဿ ဖိတ်ခေါ်မှုသည် အရာထင်ထိရောက်သော ကြိုးပမ်းမှုတစ်ခု၊ ပြဿနာအလုံးစုံ ကင်းသော ကြိုးပမ်းမှုတစ်ခုဖြစ်မည်။ မုစ်လင်မ်တစ်ဦးနှင့် တစ်ဦး ဂုဏ်ပေးလေးစားခြင်း၊ ဒါအီတစ်ယောက်နှင့် မသက်ဆိုင်သော အလုပ်များမှ ရှောင်ကြဉ်ခြင်းနှင့် အကျိုးမဲ့အလုပ်များမှ

ရှောင်ကြဉ်ခြင်း တို့သည် ဤဒအ်ဝသ်လုပ်ငန်း၏ အဓိကကျ အရေးပါသော စည်းမျဉ်းစည်းကမ်းများပင် ဖြစ်သည်။

မော်လာနာ မုဟမ္မဒ် အိလ်ယားစ် ﷺ က အိန္ဒိယနိုင်ငံ၊ ဒေလီတောင်ပိုင်း၊ မေဝါးသ်အမည်ဖြင့် ထင်ရှားကျော်ကြားပြီး အကျင့်ပျက်ခြစားမှု အများဆုံး၊ မှောက်မှား မိုက်ကန်းဆုံးနှင့် သာသနာ့အသိမဲ့ဆုံး အရပ်ဒေသ၌ မိမိ၏ ဒါဝသ်ဖိတ်ခေါ်ရေး လှုပ်ရှားမှုအား စတင်ခဲ့သည်။

သခင်က ထိုအရပ်ဒေသရှိ ပုဂ္ဂိုလ်များအား မိမိတို့၏ အလုပ်များကို ခေတ္တလွှတ်၍ ခဏတာ အခြားသောဒေသများသို့ သွားရောက်ကာ ဒအ်ဝသ်ကြိုးပမ်းရန် ဖိတ်ခေါ်ဆော်သြခဲ့သည်။

အကြောင်းမှာ ၎င်းတို့သည် ဤမှောက်မှားပျက်ပြားနေသည့် အမိုက်မှောင်ဝန်းကျင်၌ ကျင်လည်နစ်မွန်းနေကြရာ ထိုပတ်ဝန်းကျင်မှ မထွက်သမျှ ကာလပတ်လုံး ၎င်းတို့အား သာသနာ့ အလင်းတရား၊ သတင်းစကား၊ စာရိတ္တမွန်များဖြင့် တန်ဆာဆင်ပေးရန်နှင့် အစွမ်းလမ်းနည်းကျ သာယာသော ဘဝတစ်ခု မွေးမြူရန် ဖြစ်နိုင်ချေမရှိဟု သခင်က သုံးသပ်ခဲ့သောကြောင့် ဖြစ်သည်။

ထိုအရပ်ဒေသရှိ ရာပေါင်းမက ထောင်ပေါင်းများစွာသော ပုဂ္ဂိုလ်တို့က မော်လာနာ မုဟမ္မဒ် အိလ်ယားစ် ﷺ ၏ ဖိတ်ခေါ်မှုကို ရင်ဝယ်ပိုက်ထွေးခဲ့ကြသည်။ သာသနာရေးအတွက် မိမိတို့၏ အိမ်ယာများကို လချီနှစ်ချီ စွန့်ခဲ့ကြသည်။ ခြေလျင်ရော၊ အစီးအနင်းနှင့်ပါ အိန္ဒိယနိုင်ငံ တနံတလျား လွန်စွာ ဝေးလံခေါင်သီသော ဒေသများအထိ ခရီးနှင်ခဲ့ကြသည်။ သို့ဖြင့် သာသနာကို သင်ယူခဲ့ကြပြီး ယဉ်ကျေးမွန်ရည် လာခဲ့ကြကာ သာသနာ့စိတ်ဓာတ်လည်း သူတို့၏စိတ်တွင်းဝယ် ထက်သန်လာခဲ့ကြ၏။

သို့ဖြစ်ရာ မော်လာ နာမုဟမ္မဒ် အိလ်ယားစ် ﷺ ၏ ဤဖိတ်ခေါ်မှုသည် တစ်စတစ်စနှင့် ပြန့်နှံ့ကာ အိန္ဒိယနိုင်ငံ တနံတလျား ရေပန်းစားခဲ့သည်။ ဤသို့ လျင်မြန်စွာ ပြန့်နှံ့ရခြင်း၊ လူတို့၏ နလုံးသားများအပေါ် ဩဇာထူထောင်နိုင်ခြင်း၏ နောက်ကွယ်၌ ငွေကြေးအထောက်အပံ့၊ မီဒီယာ၊ အစိုးရဌာန စသည်ဖြင့် မည်သည့်အင်အားမျှ မရှိပေ။ နောက်ကွယ်မှ အင်အားမှာ ဤဖိတ်ခေါ်ကြိုးပမ်းမှုသည် အစွမ်းခေတ်ဦး ဖိတ်ခေါ်ကြိုးပမ်းမှုနှင့် တူဆင်ဆုံးဖြစ်ခြင်းတည်း ဟူသော အင်အားပင်။ ထို့အတူ ဤကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သူတို့၏ ဖြူစင်သော စေတနာ၊ သစ္စာနှင့် အလွှာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းခံယူရေး သက်သက်ကိုသာ မျှော်ကိုးသော စိတ်ဇောတို့သာ ဖြစ်သည်။

တဖြည်းဖြည်းနှင့် ဤဒအ်ဝသ်ကြိုးပမ်းမှုသည် အခြားသော တိုင်းနိုင်ငံအသီးသီးထိ ပြန့်နှံ့သွားခဲ့သည်။ အမေရိက၊ ဥရောပ၊ အာဖရိကနှင့် ဩစတေးလျ တိုက်များထိ ဂျမာအသ်များ သွားလာလှုပ်ရှားမှု စတင်လာခဲ့သည်။ ကြိုးပမ်းမှု ကျယ်ပြန့်လာသည်နှင့်

အမျှ ကြိုးပမ်းအားထုတ်သူတို့၏ ဘဝမှာလည်း အပြောင်းအလဲများ ဖြစ်လာခဲ့သည်။ မိမိကိုယ်ကိုရော သူများကိုပါ ပြုပြင်ပြောင်းလဲ နှိုးကြားစေလိုသော သောကများ ပွားလာသည်။ ထိုကိစ္စအတွက် စတေးလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံများတလွှား သဗ်လီးဂ် ဂျမာအသ်သည် ရှစ်ရက်ဖြစ်စေသော ရှေးရိုးစဉ်လာ ဓလေ့ထုံးစံများကို အမြစ်လှန်တိုက်ဖျက်သည့် ဝဟ်ဟာဘီ ဂျမာအသ်အသွင်နှင့် လူသိများ ထင်ရှားခဲ့သည်။ သဗ်လီးဂ် ဂျမာအသ်ကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ဗစ်ဒ်အသီ တရားသစ်တီထွင်သူများ ဂိုဏ်းက ရှေ့ဆုံးမှ ပါဝင်ခဲ့သည်။ ဗစ်ဒ်အသီဂိုဏ်းဝင်တို့သည် မော်လဝီ အဟ်မဒ် ရေသွာခါန်းကို မိမိတို့၏ ဥပဇ္ဈာယ်ဆရာတော်ကြီးအဖြစ် မှတ်ယူကြသည်။ ၎င်းတို့က သဗ်လီးဂ်ဂျမာအသ်အား ဆန့်ကျင်ခြင်းကို မိမိတို့၏ ဂုဏ်ယူဖွယ် အထိမ်းအမှတ်တစ်ခုအဖြစ် မှတ်ယူခဲ့ကြသည်။ ၎င်းတို့က သဗ်လီးဂ် ဂျမာအသ်ကို ဝဟ်ဟာဘီဂိုဏ်း၏လက်ပါးစေများဟု သတ်မှတ်ခဲ့ကြသည်။

မော်လာနာ အစ်မာအီးလ် ရှဟီးဒ် رحمه الله ၏ التقوية الإيمان သက်ဝိယသွလ် အီမာန်ကျမ်းကို ပေါ်ပေါ်တင်တင်ပင် ဆန့်ကျင်ကြသည်။ သဗ်လီးဂ်ဂျမာအသ်၏ ဩဇာရုတ်လျော့ကျဆင်းစေရန် အသိတရားမဲ့ အမိုက်ခေတ်က ကာဖွေရ်၊ မုရှ်ရစ်က်တို့ အသုံးချခဲ့သော တိုက်ကွက်များကို အသုံးပြုခဲ့ကြသည်။ ကာဖွေရ်၊ မုရှ်ရစ်က်တို့က ပြောသည်မှာ .....

﴿وَقَالَ الَّذِينَ كَفَرُوا لَا تَسْمَعُوا لِهَذَا الْقُرْآنِ وَالْغَوْا فِيهِ لَعَلَّكُمْ تَغْلِبُونَ﴾

အသင်တို့ ကုရ်အာန်ကျမ်းမြတ်ကို နားပင်မထောင်ကြကုန်လင့်။ ထို့ပြင် အသင်တို့သည် ယင်းကုရ်အာန် (ဖတ်ကြားနေသောအချိန်) စပ်ကြားတွင် ဆူညံကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် (မိမိတို့၏ အသံများဖြင့် မုဟမ္မဒ်၏ အသံကို) လွှမ်းမိုးနိုင်ကြမည်။(စူရဟ် ဟာမီးမ်စဂျ်ဒဟ် ၂၆)

သို့သော်လည်း ဤမဟုတ်မမှန် စွပ်စွဲခံရမှုများ၊ အခြေအမြစ်မဲ့ အဝေဖန်ခံရမှုများနှင့် ဒုက္ခပေါင်းစုံ ခါးစည်းခံရမှုများကြောင့် အလွှာဟ်အရှင်မြတ်၏ အလိုတော်ဖြင့် သဗ်လီးဂ် ဂျမာအသ်ရှိ ပုဂ္ဂိုလ်များ၏ ခြေအစုံအား ပိုမိုခိုင်မြဲစေကာ ခွန်အားများ ပိုမိုပွားများစေခဲ့သည်။

ဒအ်ဝသ်ကြိုးပမ်းသူတို့၏ ဖော်ရွေပျူငှာခြင်း၊ နှုးညံ့သိမ်မွေ့စွာ စကားဆိုခြင်းနှင့် ရုတ်ရင်းကြမ်းတမ်းသော စကားများကို အပြုံးနှင့်တုန့်ပြန်ခြင်း တို့ကြောင့် အတိုက်အခံသမားများပင် လုပ်ဖော်ကိုင်ဖက်၊ မိတ်ဖော်ဆွေရင်းများ ဖြစ်လာခဲ့သည်။ ရှစ်ရက်နှင့် ဗစ်ဒ်အသ်တွင် နစ်မွန်းနေသူများ၊ အယူအစွဲ တိမ်းချော်နေသူများလည်း မိမိတို့ မှောက်မှားခဲ့သည်များမှ အကျွတ်တရားရကာ အုံလိုက်ခဲလိုက် သောက်ဝ်ဟီးဒ်တည်းဟူသော တရား

စစ်တရားမှန်အား မပြတ်ဆုပ်ကိုင်လိုက်ကြသည်။ ထိုဒေသများတွင် သဗ်လီးဂ်ဂျမာအသ်များ ဝင်ထွက်သွားလာသည်ကို မြင်ဖူးသူတိုင်းက ဖော်ပြပါအချက်များကို အတည်ပြုပြောဆိုနိုင်ပါလိမ့်မည်။

ဤဒအ်ဝသ် ဖိတ်ခေါ်ရေး၊ နိုးကြားရေးလှုပ်ရှားမှုများ အပတ်တကုတ် ကြိုးစားစတေးခဲ့ကြခြင်း၏ အသီးအပွင့်အနေဖြင့် သိသာထင်ရှားသော အောင်မြင်မှုကြီးများကို မျက်ဝါးထင်ထင် တွေ့ကြရသည်။ မှန်ပါသည်၊ ဤအဖွဲ့နှင့် ဆက်နွယ် ပတ်သက်နေသူတချို့သည် စိတ်ရောကိုယ်ပါ မဟုတ်ဘဲ အမှုမဲ့အမှတ်မဲ့ အယူအစွဲ တိမ်းချော်တတ်ကြသည်။ သတိလက်လွတ်နှင့် အပြစ်ထိုက်စေသော ကိစ္စများ ကျူးလွန်မိတတ်ကြသည်။ ဤသည် ထိုလူတချို့၏ အပြစ်သာ ဖြစ်သည်။ ၎င်းတို့က ဂျမာအသ်၏ စည်းမျဉ်းစည်းကမ်းများကို ဂရုမမူ အလေးမထားကြခြင်းကြောင့်သာ ဖြစ်သည်။ ဤသည်တို့ကို ကြည့်၍ သဗ်လီးဂ်ဂျမာအသ် အလုပ်ကို ပုတ်ခတ်စော်ကားပိုင်ခွင့် လုံးဝမရှိပေ။

ကျွန်ုပ်ရေးသားသော မော်လာနာ အီလ်ယားစ် ﵀ နှင့် ၎င်း၏ သာသနာ့ကြိုးပမ်းမှုစာအုပ်၏ နိဒါန်းအဆုံးပိုင်းတွင် မော်လာနာ စိုက်ယစ်ဒ် ဆိုလိုင်မားန် နဒ်ဝီ ﵀ က ဖော်ပြပါ ကိစ္စကို ရှင်းလင်း တင်ပြထားပါသည်။ ထိုစာသားများဖြင့် နိဂုံးချုပ်ပါမည်။

"အထက်၌ ဒအ်ဝသ်၊ သဗ်လီးဂ်နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တင်ပြခဲ့ပါသည်။ အထက်တွင် ဖော်ပြခဲ့သော အချက်အလက်များအရ အစွလာမ်သာသနာ ဖြန့်ချိခြင်းနှင့် အစွလာမ်ဘက်သို့ ဖိတ်ခေါ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် အဘယ်နည်းဆိုသည်ကို သိရှိကြရပြီး ဖြစ်သည်။ ဆက်လက်ပြီး ဒအ်ဝသ်သဗ်လီးဂ်အဖွဲ့ကျင့်သုံးနေသော ကျင့်ထုံးများကို တင်ပြပါမည်။ ထိုကျင့်ထုံးသည် လက်ရှိ အိန္ဒိယနိုင်ငံတွင် ကြိုးပမ်းနေသော သာသနာ့ကြိုးပမ်းမှု အားလုံးထဲတွင် တမန်တော်မြတ်၏ ကနဦးကြိုးပမ်းမှုနှင့် ပိုမို နီးစပ်ပါသည်။

လိမ္မာပါးနပ်စွာ အစွလာမ်ဘက်သို့ ဖိတ်ခေါ်ခြင်း၊ ကောင်းရာညွှန်လတ် မကောင်းမြစ်တားခြင်း တို့သည် အစွလာမ်သာသနာ၏ အဓိက ကျောရိုးဖြစ်သည်။ အစွလာမ့် အင်အား၊ အစွလာမ်သာသနာ ထွန်းကားမှု၊ အစွလာမ်၏ အောင်မြင်မှုနှင့် အစွလာမ်တည်းဟူသော ဗိမာန်ကြီး၏ အခြေခံအုတ်မြစ်စ သည်တို့သည် ထိုကျောရိုးပေါ် မှီတွယ်ရပ်တည်လျက် ရှိသည်။ မျက်မှောက်ခေတ်တွင် မုစ်လင်မ် မဟုတ်သူများကို မုစ်လင်မ်အဖြစ် ပြုလုပ်ခြင်းထက် မုစ်လင်မ်အမည်ခံ တို့ကို မုစ်လင်မ်ပီသအောင်လုပ်ဖို့နှင့် အမျိုးသားရေးဝါဒီ မုစ်လင်မ်များကို သာသနာရေးဝါဒီ မုစ်လင်မ်များဖြစ်အောင် လုပ်ဖို့က ပိုအရေးကြီးပါသည်။

﴿يَاأَيُّهَا الَّذِينَ آمَنُوا آمِنُوا﴾

(အို သက်ဝင်ယုံကြည်သူ (မုအ်မင်န်) အပေါင်းတို့။ အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်ကြလေကုန်။) (စူရဟ် နေစားအ်-၁၃၆)

မျက်မှောက်ခေတ် မုစ်လင်မ်တို့၏ အခြေနေဆိုးကို ကြည့်ခြင်းအားဖြင့် အထက်ပါ ကျမ်းမြတ်ကုရ်အာန်လာ အမိန့်ပေးသံကို အရှိန်အစော်အပြည့်နှင့် အင်တိုက်အားတိုက် ထုတ်လွှင့်ဖို့ အရေးကြီးပေပြီ။ မြို့စဉ်၊ ရွာစဉ်၊ အိမ်စဉ် လှည့်၍ မုစ်လင်မ်များကို မုစ်လင်မ် ပီသစေရန် လုပ်ပေးရမည်။ လောကီရာထူး၊ ဂုဏ်ဌာနန္တရနှင့် အာဏာရဖို့အရေး၊ လောကီမက်မောသူတို့က ဖွဲ၊ လုံ့လ၊ ဝိရိယ၊ ကြုံကြံခံခြင်းနှင့် စွန့်လွှတ်စွန့်စားခြင်း စသည်တို့ကို ရင်းနှီးသုံးစွဲကြသည်။ မိမိတို့၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်ဖို့အရေး ပိုင်ဆိုင်မှု အားလုံးကို စတေးသည်။ အတားအဆီး မှန်သမျှကို ချေပဖယ်ရှားလိုစိတ် ပြင်းပြကြသည်။ သို့ရှိရာ ဖော်ပြပါ ကုရ်အာန်ကျမ်းတော်မြတ်လာ အမိန့်ကို အကောင်အထည်ဖော်ရန် ထိုကဲ့သို့ ဇွဲလုံ့လ၊ ဝိရိယ၊ ကြုံကြံခံခြင်းနှင့် စွန့်လွှတ်စွန့်စားခြင်း တို့ကို ရင်းနှီးသုံးစွဲကြရမည်။ ဆွဲဆောင် သိမ်းသွင်းခြင်းဖြင့် လည်းကောင်း၊ အပတ်တကုတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် လည်းကောင်း၊ အသက်၊ ဘွဲး၊ ချွေး၊ စည်းစိမ်ဥစ္စာ တို့ကို စတေးခြင်းဖြင့် လည်းကောင်း စသည်ဖြင့် နည်းပေါင်းစုံနှင့် ထမြောက်အောင် ကြိုးပမ်း အကောင်အထည်ဖော်ရမည်။ ရည်ရွယ်ချက် ထမြောက်အောင်မြင်ဖို့ ကြိုးစားရာတွင် ငန်းငန်းတက် စွဲလမ်းတပ်မက်မှု ရှိရမည်။ လောကီအရေးကိစ္စဖြစ်စေ၊ သာသနာရေးကိစ္စဖြစ်စေ မည်သည့်ကိစ္စမျှ ငန်းငန်းတက် စွဲလမ်းတပ်မက်မှု မရှိဘဲ ထမြောက်အောင်မြင်သည် ဟူ၍ မရှိခဲ့ပေ။ ရှိမည် လည်း မဟုတ်ပေ။

ဤခေတ်အခါသမယမှာ အငန်းမရ စွဲလမ်းတပ်မက်စွာ ကြိုးပမ်းခဲ့သည့် သာဓကများကို သိလိုလျှင် မူရင်းစာအုပ်ကို စတင်လိုက်ပါ။"

والسلام

စိုက်ယစ်ဒ် ဆိုလိုင်မားန် နဒ်ဝီ

ခရစ် ၁၉၄၇ ခုနှစ်၊ မေလ၊ ဘိုပါးလ်မြို့

အစွလာမ့်လူမှုရိပ်မြုံအတွက် သတိမူဖွယ် စိုးကြောက်စရာ

လက်ရှိကာလသည် မုစ်လင်မ်တို့ အကျပ်အတည်း အခက်အခဲ အမျိုးမျိုး၊ ပွေလီရှုပ်ထွေးသော ပြဿနာအဖုဖုံ၊ စိန်ခေါ်မှုအသွင်သွင်တို့နှင့် ရင်ဆိုင်နေရသည်ဖြစ်ရာ လွန်စွာထိလွယ်ရှလွယ်ရှိလှသည့် သမိုင်းအချိုးအကွေ့များကို ဖြတ်သန်းနေရချိန်လည်း ဖြစ်ပါသည်။ ဤကာလသည် ရာစုနှစ်ပေါင်းများစွာ လက်ခံကျင့်သုံး၍ သုတေသနပြုပြီးသော မစ်အလဟ်များတွင်လည်းကောင်း၊ အခြေအမြစ်မရှိသော မစ်အလဟ်တစ်ခုခုတွင်လည်းကောင်း သူထက်ငါ ငြင်းခုံကာ စရိတ်ကျကိုယ်ပန်းခံ၍ သဲသဲမဲမဲ အားခဲရမည့် အချိန်လုံးဝမဟုတ်ပေ။

ဤသည် အွမ္မသ်အတွက် မည်သည့်အကျိုးမျှ မရှိပေ။ ထို့ကြောင့် မိမိတို့၏ စွမ်းရည်အင်အားနှင့် ကြိုးပမ်းအားထုတ်မှု အလုံးစုံတို့ကို အပြုသဘောဆောင်သော လုပ်ငန်းများတွင် အသုံးချရန် လိုအပ်နေပေပြီ။ ထို့အတူ ပြိုလဲနေသော စာရိတ္တမကျိုင် ပြန်လည်ထူထောင်ရေးနှင့် တိမ်းချော်နေသော အယူအစွဲများ၊ အသိတရားမဲ့ အမိုက်ဆန်သော ရှေးရိုးဓလေ့ထုံးစံများ၊ ပုံတူကူးယူထားသော ပရမ်းပတာ အပြုအမူတို့ကို ပြုပြင်တည့်မတ်ပေးရေးတို့အား အဓိကထား ဆောင်ရွက်ရမည့် အချိန်အခါ ဖြစ်သည်။

သောက်ဟီးဒ်တည်းဟူသော သစ္စာတရားကို ရင်ဝယ်ပိုက်ထွေးသူ၊ အစွလာမ့်တရားတော်အပေါ် ကျင့်ကြံအားထားကာ တားမြစ်ထားသော အရာများမှ ရှောင်ကြဉ်သူတို့အား ခေတ်အဆက်ဆက် အစဉ်တစိုက် ကွဲလွဲခဲ့သည့် ဖေကာဟ်ဓမ္မသတ်ဆိုင်ရာ အကွဲအလွဲပေါ် အခြေခံ၍ ပစ်မှတ်ထား ဝေဖန်တိုက်ခိုက်ခြင်းသည် ပန်းတိုင်မဲ့ စစ်ဆင်ခြင်းနှင့် ရန်သူမဲ့ တိုက်ပွဲဝင်ခြင်းသာ ဖြစ်သည်။ ပန်းတိုင်မဲ့ စစ်ဆင်ခြင်းနှင့် ရန်သူမဲ့ တိုက်ပွဲဝင်ခြင်း ခေါင်းစဉ်ဖြင့် စာရေးသူက မိမိ၏ အရဗီစာစောင်တစ်ခုတွင် ရေးသားခဲ့ပြီး ဖြစ်သည်။

အိန္ဒိယနိုင်ငံဆိုသည်မှာ နှစ်ပေါင်းရှစ်ရာတိုင်တိုင် မုစ်လင်မ်တို့ မင်းလုပ်အုပ်ချုပ်ကာ အလုပ်အကျွေးပြုခဲ့သည့် နိုင်ငံဖြစ်ပြီး ယဉ်ကျေးမှု၊ ယုံကြည်မှု အယူဝါဒ၊ စည်ပင်သာယာရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး စသည့် ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ခဲ့ကြသည်။ ဒုတိယ စပိန်နိုင်ငံတော်ကြီး ထူထောင်ရန် အင်တိုက်အားတိုက် ကြိုးပမ်းခဲ့ကြသည်လည်း ဖြစ်၏။ သို့သော် မျက်မှောက်ခေတ် အိန္ဒိယနိုင်ငံရှိ မုစ်လင်မ်မဟုတ်သော လူများစုက မုစ်လင်မ်တို့အား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ သာသနာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ ဘာသာစကား စသည့် ဘက်ပေါင်းစုံမှ ဖိနှိပ်ချုပ်ချယ်ကာ အိန္ဒိယနိုင်ငံအား ဟိန္ဒူနိုင်ငံတော်အဖြစ် ပြောင်းလဲပစ်ရန် စီမံကိန်းချလျက်ရှိသည်။ မုစ်လင်မ်တို့ မင်းလုပ်အုပ်ချုပ်ခဲ့စဉ်က အိန္ဒိယ၏ ရှေးဟောင်းအမွေအနှစ်များ၊ လက်ရာများကို အရိပ်အမြွတ်မျှ မကျန်အောင် သင်ရိုးညွှန်တမ်းမှပင် ဖျောက်ဖျက်ပြောင်းလဲပစ်ခြင်း၊

ဟိန္ဒူဘာသာစကားအား အဓမ္မသင်ကြားစေခြင်း၊ မုစ်လင်မ်လူအဖွဲ့အစည်း၏ ကိုယ်ပိုင် လူမှုဘဝဥပဒေတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ အူရ်ဒူဘာသာစကား တိမ်ကောအောင် ပြုလုပ်ခြင်း၊ အင်္ဂလိပ်၊ ဟိန္ဒူဘာသာစကားဖြင့် ထုတ်ဝေသော ဂျာနယ်တို့၏ အရေးအသား များ၊ ဂိုဏ်းစွဲအယူရှိသည့် ပါတီခေါင်းဆောင်များ၊ ဝန်ကြီးများ၏ မိန့်ခွန်းများ၊ အဆိုတင် သွင်းချက်များ၊ ပြဌာန်းချက်များ စသည့် ပုံစံအမျိုးမျိုး၊ အသွင်အသွယ်သွယ်ဖြင့် မုစ်လင်မ် တို့အား ဖိနှိပ်ချုပ်ချယ်လျက်ရှိသည်။ ဤသည်ကို လူများစု လျှောက်လှမ်းနေသော လမ်း စဉ်၊ ဆုံးဖြတ်ချက်များ၊ ပြဌာန်းချက်များနှင့် ကျွမ်းဝင်ရင်းနှီးသူတိုင်း အသိပင်။ ဤသို့ သိမ်မွေ့နက်နဲပြီး ထိလွယ်ရှလွယ် အချိန်ကာလမျိုးတွင် အချင်းချင်း တိုက်ခိုက်ကာ အမုန်း ပွားနေခြင်းသည် ရှေ့ရေးမျှော်တွေးမှုမရှိခြင်းနှင့် အမြင်ကျဉ်းဂျာတိမ်ခြင်းသာ ဖြစ်ပေ တော့သတည်း။